မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်



စက်တင်ဘာလ ၂၀၁၇

UKaid from the British people

UN-HABITAT FOR A BETTER URBAN FUTURE

BRACED Building Resilience and Adaptation to Climate Extremes and Disasters

# မာတိကာ


မိတ္ထီလာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏အမှာစာ ၁

**အခန်း (၁) နိဒါန်း** ၃

၁-၁။ နောက်ခံသမိုင်း ၃

၁-၂။ လုပ်ငန်းစီမံချက်၏ ရည်မှန်းချက်ပန်းတိုင်နှင့် ဦးတည်ချက်များ ၄

၁-၂-၁။ ရည်မှန်းချက် ၄

၁-၂-၂။ ရည်ရွယ်ချက်များ ၄

**အခန်း (၂) မြို့နယ်ဆိုင်ရာ အချက်အလက်များ** ၅

၂-၁။ အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းထားရှိမှု ၅

၂-၁-၁။ အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များ ၆

၂-၂။ ပထဝီဝင်အနေအထား ၇

၂-၃။ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ၇

၂-၄။ လူဦးရေနှင့် နေထိုင်မှုဆိုင်ရာ အချက်အလက်များ ၈

၂-၅။ လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ ၈

၂-၆။ ပညာရေးကဏ္ဍ ၁၀

၂-၇။ ကျန်းမာရေးကဏ္ဍ ၁၀

**အခန်း (၃) အန္တရာယ်များနှင့် အန္တရာယ်ကျရောက်နိုင်မှု ဖော်ပြခြင်း** ၁၁

၃-၁။ သဘာဝဘေးအန္တရာယ် လေ့လာဆန်းစစ်ချက် (Hazard Assesment) ၁၁

၃-၁-၁။ မီးဘေး ၁၂

၃-၁-၂။ ရေဘေး ၁၄

၃-၁-၃။ လေပြင်းဘေး ၁၆

၃-၁-၄။ လေဆင်နှာမောင်းဘေး ၁၈

၃-၁-၅။ ငလျင်ဘေး ၂၀

၃-၂။ အန္တရာယ်ကျရောက်နိုင်မှု လေ့လာဆန်းစစ်ချက် (Vulnerability Assessment) ၂၂

၃-၃။ စွမ်းဆောင်ရည်လေ့လာဆန်းစစ်ချက် (Resource Mapping/Capacity Assessment) ၂၂

**အခန်း (၄) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် မြို့နယ်အတွင်းဖွဲ့စည်းထားရှိမှုများ** ၂၃

၄-၁။ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းထားရှိမှု ၂၄

၄-၂။ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှု ၂၅

**အခန်း (၅) မိတ္ထီလာမြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ တာဝန်နှင့် ဝတ္တရားများ** ၂၉

၅-၁။ မိတ္ထီလာမြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ ၂၉

၅-၂။ မိတ္ထီလာမြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများ ၃၃

၁။ သတင်းဆက်သွယ်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

၂။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

၃။ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

၄။ ကနဦးလိုအပ်ချက်များ စစ်တမ်းကောက်ယူခြင်း လုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

၅။ ထောက်ပံ့ပစ္စည်းများ ဖြန့်ဖြူးရေး လုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

၆။ ဘဏ္ဍာငွေ ရှာဖွေရေးနှင့် ထောက်ပံ့ပစ္စည်းများ လက်ခံရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

၇။ ပြန်လည်ထူထောင်ရေးနှင့် ဆုံးရှုံးမှုတန်ဖိုး စိစစ်ရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

၈။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

၉။ လုံခြုံရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

**အခန်း (၆) ဘေးအန္တရာယ် နည်းပါးသက်သာစေရေး ကြိုတင်ပြင်ဆင်စေရေး၊ကယ်ဆယ်ရေး၊ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးနှင့် ပြန်လည်ထူထောင်ရေး အစီအမံများ** ၄၉

၆-၁။ ဘေးအန္တရာယ် နည်းပါးသက်သာစေရေး အစီအမံများ (Mitigation Plan) ၄၉

၆-၂။ ကြိုတင်ပြင်ဆင်ရေး အစီအမံများ (Preparedness Plan) ၅၀

၆-၃။ တုံ့ပြန်မှု အစီအမံများ (Response Plan) ၅၁

၆-၄။ ပြန်လည်ထူထောင်ရေး အစီအမံများ (Rehabilitation Plan) ၅၃

**အခန်း (၇) လုပ်ငန်းစီမံချက်ကို စောင့်ကြည့်စစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း** ၅၅

၇-၁။ စီမံချက်အကောင်အထည်ဖော်ဆောင်နိုင်မှုကို စောင့်ကြည့်စစ်ဆေးခြင်း ၅၅

၇-၂။ စီမံချက်ပြန်လည်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း ၅၇

၇-၃။ နိဂုံး ၅၈


**ပုံများစာရင်း**


ပုံ (၁) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မီးဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ ၁၃

ပုံ (၂) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ရေဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ ၁၅

ပုံ (၃) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် လေပြင်းဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ ၁၇

ပုံ (၄) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် လေဆင်နှာမောင်းဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ ၁၉

ပုံ (၅) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ငလျင်ဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ ၂၀

## ဇယားများစာရင်း

ဇယား (၁) မိတ္ထီလာမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများစာရင်း ၅

## နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) မိတ္ထီလာမြို့နယ်ရှိ ဌာနဆိုင်ရာစာရင်းနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်များ ၅၉
နောက်ဆက်တွဲ (၂) မိတ္ထီလာမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်များ ၆၂
နောက်ဆက်တွဲ (၃) မိတ္ထီလာမြို့နယ်ရှိ လူမှုအဖွဲ့အစည်းများစာရင်း ၆၅
နောက်ဆက်တွဲ (၄) မိတ္ထီလာမြို့နယ်တွင် ဖြစ်ပွားခဲ့သော မီးဘေးဖြစ်စဉ်သမိုင်း ၆၇
နောက်ဆက်တွဲ (၅) မိတ္ထီလာမြို့နယ်အတွင်းရှိ ဘေးအန္တရာယ် ကျရောက်လွယ်မှုပြဇယား ၆၉
နောက်ဆက်တွဲ (၆) အရေးပေါ်အကူအညီ လိုအပ်ချက်တောင်းခံမှုပုံစံ ၇၂
နောက်ဆက်တွဲ (၇) ပျက်စီးဆုံးရှုံးမှု လေ့လာဆန်းစစ်ချက်ပုံစံ ၇၃
နောက်ဆက်တွဲ (၈) ကျေးရွာအုပ်စုအဆင့် အချက်အလက်ကောက်ယူမှုပုံစံ ၇၅
နောက်ဆက်တွဲ (၉) ကျေးရွာအုပ်စုသဘာဝဘေးအန္တရာယ် လေ့လာဆန်းစစ်မှုပုံစံ ၇၈
နောက်ဆက်တွဲ (၁၀) သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ခြင်း အချက်အလက်ကောက်ယူမှုပုံစံ ၈၀

# မိတ္ထီလာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အမှာစာ

မိတ္ထီလာမြို့နယ်သည် ပထဝီအနေအထားအရသော်လည်းကောင်း၊ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်အရသော်လည်းကောင်း မီးဘေး၊ ရေဘေး၊ လေပြင်းဘေး၊ လေဆင်နှာမောင်းဘေး၊ ငလျင်ဘေးစသည့် ဘေးအမျိုးမျိုး၏ဒဏ်မှ ကျရောက်နိုင်ခြေများပြီး အခြားသောအန္တရာယ်များဖြစ်သည့် ကူးစက်ရောဂါဘေးတို့သည်လည်း အချိန်မရွေးကျရောက်နိုင်သည်ကို တွေ့ရှိရသည်။

ယခုအချိန်တွင် ရာသီဥတုပြောင်းလဲလာခြင်း၊ သဘာဝပတ်ဝန်းကျင်ပြုန်းတီးခြင်းနှင့် ရုပ်ဝတ္ထုဖွံ့ဖြိုးတိုးတက်လာမှုနှင့် စီးပွားရေးလုပ်ငန်းများဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများ၊ ငါးဖမ်းလုပ်ငန်းများ၏ ဘေးထွက်ဆိုးကျိုးများကြောင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းလုံးတွင် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ ပိုမိုများပြားလာသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတော်အစိုးရမှထုတ်ပြန်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေတွင် နိုင်ငံတော်အဆင့်မှ မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများအထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို ရေးဆွဲရန် ဖော်ပြထားသည်ကို တွေ့ရသည်။ မိတ္ထီလာမြို့နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်ပေါ် အခြေခံပြီး ပြောင်းလဲလာသော ဒေသလိုအပ်ချက်များနှင့်အညီ စီမံချက်ကို ပိုမိုကျယ်ပြန့်သောသက်ဆိုင်ရာ ပါဝင်ပတ်သက်သူအားလုံးနှင့် တိုင်ပင်ဆွေးနွေးခြင်းနည်းလမ်းဖြင့် ရေးဆွဲထားပါသည်။

စီမံချက်ကို သက်ဝင်လှုပ်ရှားမှုရှိအောင် အကောင်အထည်ဖော်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု နည်းဥပဒေနှင့် လိုက်လျောညီထွေဖြစ်အောင် အနည်းဆုံး(၂)နှစ်လျှင်တစ်ကြိမ် ပုံမှန်အချိန်သတ်မှတ်၍ ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ သဘာဝဘေးအန္တရာယ်မကျရောက်မီဘေးလျော့ပါးရေးလုပ်ငန်းနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်သတိပေးစနစ်၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း၊ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးစသည့် လုပ်ငန်းများကို ဤစီမံချက်ပါအတိုင်း ဆောင်ရွက်သွားပါက ဘေးကျရောက်ပါကလည်း ပျက်စီးဆုံးရှုံးမှု နည်းပါးပြီး မူလအခြေအနေသို့ လျင်မြန်စွာပြန်လည် ရောက်ရှိမည်ဖြစ်ပါသည်။

စီမံချက်ကို ပိုမိုတိုးတက်ကောင်းမွန်စေရန် အစမ်းလေ့ကျင့်မှုများပြုလုပ်ရန် လိုအပ်ပြီး ရရှိလာသော သင်ခန်းစာများသည် စီမံချက်အား ထပ်မံဖြည့်စွက်ရေးဆွဲရန် လိုအပ်သောလမ်းညွှန်မှုကို ပေးနိုင်ပါသည်။

ဤစီမံချက်ကို ရေးဆွဲထားခြင်းဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ထိခိုက်ဆုံးရှုံးမှုများ နည်းပါးသည်ထက် နည်းပါးလာပြီး မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများနှင့်၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ ကုန်ထုတ်စွမ်းအားစုများ၊ အိုးအိမ်အဆောက်အအုံများကို အကာအကွယ်ပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် မြို့နယ်၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းစဉ်စားခြင်းအားဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို လျှောက်လှမ်းနိုင်မည်ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် ဤစီမံချက်ရေးဆွဲနိုင်ရေးအတွက် ဦးဆောင်မှုပေးခဲ့သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ နည်းပညာနှင့်ကျွမ်းကျင်မှုများ ပံ့ပိုးပေးခဲ့သော ကုလသမဂ္ဂ မြို့ရွာနှင့်အိုးအိမ်ပြန်လည်ထူထောင်ရေးအစီအစဉ် UN-Habitat၊ ပူးပေါင်းပါဝင်ဆွေးနွေး အကြံဉာဏ်ပေးခဲ့ကြသော မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ငွေကြေးပံ့ပိုးမှုပေးပါသော Department for International Development (DFID)နှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်မြောက်အောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပါသော Building Resilience and Adaptation to Climate Extremes and Disasters (BRACED Alliance Myanmar) တို့ကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့
မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ

# အခန်း [ ၁ ]
# နိဒါန်း

## ၁–၁။ နောက်ခံသမိုင်း

မိတ္ထီလာမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်လွင်ပြင်ဒေသဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၇၅၀)အမြင့်တွင်တည်ရှိ၍ ယေဘုယျအားဖြင့် ညီညာပြန့်ပြူးသည့်ဒေသ ဖြစ်သော်လည်း တောင်ကုန်းတောင်တန်းငယ်လေးများ တည်ရှိပါသည်။ ထင်ရှားသည့်တောင်မှာ တောင်မြဲတောင်တန်း(၁၅၉၆)ပေ မြင့်ပါသည်။

မိတ္ထီလာမြို့သည် မြစ်ချောင်းများနည်းပါးသည့် ဒေသတစ်ခုဖြစ်ပြီး မြစ်ချောင်းများသည် အနောက်မှ အရှေ့သို့စီးဆင်းလျက်ရှိပါသည်။ ထင်ရှားသောချောင်းမှာ မုန်တိုင်နှင့် ချောင်းကောက်တို့ဖြစ်ပါသည်။ ဒေသအတွင်းရှိ ရေအရင်းအမြစ်အများစုမှာ ရေချိုဖြစ်ပြီး စိုက်ပျိုးရေ၊ သောက်သုံးရေအဖြစ် အသုံးပြုနိုင်ပါသည်။

မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ မီးလောင်မှုဖြစ်ပွားခြင်း၊ မြေငလျင်၊ ဆိုင်ကလုန်းမုန်တိုင်း၊ မုန်တိုင်းဒီရေလှိုင်းတက်ခြင်း၊ ဆူနာမီရေလှိုင်း၊ မြေပြိုခြင်း၊ ရေလွှမ်းမိုးခြင်း၊ တောမီးလောင်ခြင်း၊ မိုးခေါင်ရေရှားခြင်းဘေး၊ မိုးကြိုးဘေးစသည်ဖြင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်နိုင်ပါသည်။ မိတ္ထီလာမြို့နယ်သည် အပူပိုင်းဒေသအတွင်းတွင် တည်ရှိသဖြင့် မီးဘေးအန္တရာယ်ကျရောက်နိုင်ပြီး ငလျင်ဘေးဖြစ်နိုင်ခြေလည်း ရှိပါသည်။ မိတ္ထီလာမြို့နယ်အတွင်း ထင်ရှားသည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုမှာ ၂၀၀၁ ခုနှစ်တွင် ရေဘေး(၁)ကြိမ် ကြုံတွေ့ခဲ့ပြီး ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာ ကျပ် ၅ သန်းဖြစ်သည်။ ၁၉၉၁ ခုနှစ်တွင် မီးဘေး(၁)ကြိမ် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုမှာ ၅၁၃.၅ သန်းဖြစ်ပြီး လူ ၂၀ ခန့် အသေအပျောက် ရှိခဲ့ပါသည်။

ထို့အတွက် နောင်ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များတွင် ထိခိုက်ဆုံးရှုံးမှုများ နည်းပါးသည်ထက်နည်းပါးစေခြင်းဖြင့် မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ ကုန်ထုတ်စွမ်းအားစုများ၊ အိုးအိမ်အဆောက်အဦများနှင့် တိရစ္ဆာန်များ၊ သဘာဝသယံဇာတသစ်တောများ အစရှိသည်တို့အား ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် တွေ့ကြုံခဲ့သည့် အတွေ့အကြုံအခက်အခဲများအပေါ် သင်–ခန်းစာယူ၍ ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်ထားရှိနိုင်ရန် လိုအပ်ပါသည်။

ထို့အပြင်မိုးရာသီကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်းများကြုံတွေ့ရပြီး လေဆင်နှာမောင်းတိုက်ခတ်ခြင်းများလည်း ဖြစ်ပေါ်လေ့ရှိပါသည်။ သဘာဝဘေးအန္တရာယ်များအား ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်ရန်နှင့် ထိခိုက်ဆုံးရှုံးမှုများ နည်းပါးသည်ထက်နည်းပါးစေရန် ရည်ရွယ်လျှက် မိတ္ထီလာမြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို ရေးဆွဲပါသည်။

အမျိုးမျိုးသော ဘေးအန္တရာယ်ဖုန်များတွင် ကျရောက်ရခြင်းမှာ မတူညီသောပထဝီဝင် အနေအထားများကြောင့် ဖြစ်၍ မြို့နယ်အဆင့်မှ ကျေးရွာအဆင့်တိုင်အောင် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ထားရန်လို အပ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံတော်အစိုးရမှ ထုတ်ပြန်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ တွင် နိုင်ငံတော်အဆင့်မှမြို့နယ်၊ ကျေးရွာများအထိ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုစီမံချက်ကိုရေးဆွဲရန် အတိအလင်း ဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ မိတ္ထီလာမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာသည့်အခါ ထိခိုက်ဆုံးရှုံးမှုနည်း ပါးသည်ထက် နည်းပါးစေရန်ရည်ရွယ်လျက် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ကယ်ဆယ်စောင့်ရှောက်ရေး လုပ်ငန်း၊ ပြန်လည်ထူထောင် ရေးလုပ်ငန်းတို့ကို စနစ်တကျ၊ အမြန်ဆုံးနှင့် အထိရောက်ဆုံးဆောင်ရွက်နိုင်ရန် **''မိတ္ထီလာ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်''**ကို ရေးဆွဲပါသည်။ ထို့အပြင် ဤစီမံချက်သည် မိတ္ထီလာ မြို့နယ်၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းဖော်ဆောင်ရန် အတွက်လည်း အထောက်အကူပြုရန် ရည်ရွယ်ပါသည်။

ဤလုပ်ငန်းစီမံချက်ကို မိတ္ထီလာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာန ဆိုင်ရာ အဖွဲ့အစည်းများ၊ မြို့နယ်အတွင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နေသော အခြားအစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ ရပ်မိရပ်ဖများစသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်ဆက်နွှယ်ပတ်သက်သူများ ပူးပေါင်းပါဝင် ဆွေးနွေးသည့်နည်းလမ်းဖြင့် ရေးဆွဲထားပါသည်။

မိတ္ထီလာမြို့နယ်အတွင်း ယခင်ကကျရောက်ခဲ့သော ဘေးအန္တရာယ်များဆိုင်ရာ အချက်အလက်များ၊ ယခင်က ဖြစ်ပွား ခဲ့သော သဘာဝဘေးအန္တရာယ်များနှင့် ၎င်းတို့၏သက်ရောက်မှုများ အပေါ်အခြေခံလျက် မြို့နယ်အတွင်း သဘာဝဘေးဒဏ် ကြောင့် ထိခိုက်ခံရလွယ်မှုအခြေအနေနှင့် မြို့နယ်အတွင်းရရှိနိုင်သော အရင်းအမြစ်များစသည်တို့ကိုလည်း ဖော်ထုတ် သတ်မှတ်၍ ဤလုပ်ငန်းစီမံချက်တွင် ထည့်သွင်းရေးဆွဲထားပါသည်။

## ၁-၂။ လုပ်ငန်းစီမံချက်၏ ရည်မှန်းချက်ပန်းတိုင်နှင့် ဦးတည်ချက်များ

### ၁-၂-၁။ ရည်မှန်းချက်

မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် (Township Disaster Management Plan, TDMP) ၏ ရည်မှန်းချက်မှာ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ထိခိုက်ဆုံးရှုံးမှုများ နည်းပါးသည် ထက်နည်းပါးစေရန်နှင့် မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ် ငန်းများ၊ ပိုင်ဆိုင်မှုများ၊ ကုန်ထုတ်စွမ်းအားစုများ၊ အိုးအိမ်အဆောက်အအုံများကို အကာအကွယ်ပေးနိုင်ရန် ဖြစ်ပါသည်။

### ၁-၂-၂။ ရည်ရွယ်ချက်များ

မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစီမံချက်၏ ရည်ရွယ်ချက်များမှာ-

- မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို စနစ်တကျ စီမံ ဆောင်ရွက်နိုင်ရန်။
- မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း၊ တုံ့ပြန်ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို စနစ်တကျနှင့် အမြန်ဆုံးဆောင်ရွက်နိုင်ရန်။
- မြို့နယ်၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ်လျှော့ချရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်း ဖော်ဆောင်နိုင်ရန်။

# အခန်း [၂]
# မြို့နယ်ဆိုင်ရာ အချက်အလက်များ

## ၂–၁။ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းထားရှိမှု

**မြို့နယ်အုပ်ချုပ်ရေး။** ။ မိတ္ထီလာမြို့နယ်၏ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ယူဆောင်ရွက်ပါသည်။ မိတ္ထီလာမြို့နယ်အုပ်ချုပ်ရေးလုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်ကို အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားပါသည်။

**အစိုးရဌာနများ။** ။ မိတ္ထီလာမြို့နယ်အတွင်း နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများ၏လုပ်ငန်းများ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကိစ္စများဆောင်ရွက်ရန်အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများကို ဖွဲ့စည်းထားရှိပါသည်။ မြို့နယ်အဆင့် ရုံးဖွင့်လှစ်ထားသော အစိုးရဦးစီးဌာနများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဇယား (၁) မိတ္ထီလာမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများစာရင်း**

| စဉ် | ဦးစီးဌာန | ဝန်ကြီးဌာန |
|---|---|---|
| ၁။ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂။ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | |
| ၃။ | မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး | |
| ၄။ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | |
| ၅။ | မီးသတ်ဦးစီးဌာန | |
| ၆။ | ပညာရေးမှူးရုံး | ပညာရေးဝန်ကြီးဌာန |
| ၇။ | သမဝါယမဦးစီးဌာန | သမဝါယမဝန်ကြီးဌာန |
| ၈။ | ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ပြန်ကြားရေးဝန်ကြီးဌာန |
| ၉။ | သစ်တောဦးစီးဌာန | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၁၀။ | ငါးလုပ်ငန်းဦးစီးဌာန | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၁။ | မွေးမြူရေးနှင့်ဆေးကုသရေးဦးစီးဌာန | |
| ၁၂။ | စိုက်ပျိုးရေးဦးစီးဌာန | |

| စဉ် | ဦးစီးဌာန | ဝန်ကြီးဌာန |
|---|---|---|
| ၁၃။ | ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီး ဌာန | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၄။ | စက်မှု သီးနှံ ဦးစီး ဌာန | |
| ၁၅။ | လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်း ဦးစီး ဌာန | |
| ၁၆။ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | |
| ၁၇။ | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(စာတိုက်) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | မိုက္ကရိုဝေ့ဗ်စခန်း | |
| ၁၉။ | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ကြေးနန်း ) | |
| ၂၀။ | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်(တယ်လီဖုန်း) | |
| ၂၁။ | လမ်းဦးစီးဌာန | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၂၂။ | မြို့နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | |
| ၂၃။ | တံတားဦးစီးဌာန | |
| ၂၄။ | ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန |
| ၂၅။ | အားကစားနှင့်ကာယပညာဦးစီးဌာန | |
| ၂၆။ | တိုင်းရင်းဆေးပညာဦးစီးဌာန | |
| ၂၇။ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၂၈။ | မြန်မာ့စီးပွားရေးဘဏ် | |
| ၂၉။ | ပြည်တွင်းအခွန်များ ဦးစီးဌာန | |
| ၃၀။ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၃၁။ | မြို့နယ်ကုန်တင်၊ ကုန်ချကော်မတီရုံး | |
| ၃၂။ | မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| ၃၃။ | မြို့နယ်စာရင်းစစ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရေး |
| ၃၄။ | မြို့နယ်ဥပဒေရုံး | တိုင်းဒေသကြီးရှေ့နေချုပ်ရေး |
| ၃၅။ | မြို့နယ်တရားရုံး | တိုင်းဒေသကြီးတရားလွှတ်တော်ချုပ် |
| ၃၆။ | မြို့နယ်စည်ပင်သာယာရေးကော်မတီ | နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |

### ၂-၁-၁။ အုပ်ချုပ်ရေးဆိုင်ရာ အချက်အလက်များ

မိတ္ထီလာမြို့နယ်၏ အုပ်ချုပ်ရေးနယ်မြေ ဖွဲ့စည်းမှုတွင် ရပ်ကွက် ၁၄ ခု၊ ကျေးရွာအုပ်စု ၅၈ အုပ်စု ပါဝင်ဖွဲ့စည်းထားပါသည်။

## ၂-၂။ ပထဝီဝင်အနေအထား

### (က) ဒေသသမိုင်း၊ တည်နေရာနှင့် အကျယ်အဝန်း

ရှေးယခင်က သျှိသျှားကန်ကို အစွဲပြု၍ သျှိသျှားမြို့ဟု ခေါ်တွင်ခဲ့ကြသည်။ ကောဇာသက္ကရာဇ် (၃၁၄) ခုနှစ်တွင် သျှိသျှားကန်ကို ပြုပြင်ဆည်ဖို့ခဲ့ရာ အနော်ရထာမင်းစောသည် အမတ်ကြီး နရသီဟပတေ့မင်းအား ယာယီနန်းမြို့ တည်စေခဲ့သည်။ ထိုစဉ်တွင် သျှိသျှားကန်သည် ပုပ္ပားတောင်နှင့် စပ်ဆက်ခြင်း ရှိ/မရှိ မြင်းသည်တော်တစ်ဦးအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ မထိလာပါဟု လျှောက်ထားဖြေကြားခဲ့ခြင်းကို အစွဲပြု၍ကန်တော်ကို မထိလာကန်ဟုလည်းကောင်း၊ မြို့အမည်ကို မထိလာမြို့ဟုလည်းကောင်း ခေါ်တွင်စေခဲ့ရာမှ ကာလရွေ့လျားလာသည့်အတွက် မိတ္ထီလာကန်၊ မိတ္ထီလာမြို့ဟု အမည်တွင်ခဲ့ပါသည်။

မိတ္ထီလာမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး မိတ္ထီလာခရိုင်တွင် တည်ရှိပါသည်။ မိတ္ထီလာမြို့နယ်သည် အရှေ့လောင်ဂျီကျူတွဒ် (၉၅) ဒီဂရီ (၃၀) မိနစ်နှင့် (၉၆) ဒီဂရီ(၀၀) မိနစ်အကြား၊ မြောက်လတ္တီတွဒ် (၂၀) ဒီဂရီ(၄၀)မိနစ်နှင့် (၂၁) ဒီဂရီ (၅၃)မိနစ်အကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၄၇၅. ၃၄)စတုရန်းမိုင် ကျယ်ဝန်းပါသည်။ အရှေ့မှအနောက်သို့ (၃၀)မိုင်ရှိပြီး တောင်မှမြောက်သို့ (၂၂) မိုင်ရှည်လျားပါသည်။ မိတ္ထီလာမြို့နယ်၏ ဧရိယာအကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း (၄၇၅. ၃၆) ဖြစ်သည်။

မိတ္ထီလာမြို့သည် အရှေ့ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပြီး တောင်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်တို့နှင့် ထိစပ်လျက်ရှိပါသည်။ အနောက်ဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။

## ၂-၃။ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်

### (က) ရာသီဥတု

မိတ္ထီလာမြို့နယ်သည် ၂၀၁၀- ၂၀၁၆ အတွင်း တိုင်းတာချက်အရ ပူပြင်းခြောက်သွေ့သောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၄၄) စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၀. ၆)စင်တီဂရိတ် ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်တွင် မိုးရေချိန်အများဆုံးမှာ ၅၉. ၄၅ လက်မဖြစ်ပြီး ၂၀၁၂ ခုနှစ်တွင် အနည်းဆုံး မိုးရေချိန်မှာ ၂၀. ၈၈ လက်မ ဖြစ်ခဲ့သည်။

မိတ္ထီလာမြို့နယ်သည် အပူပိုင်းဒေသအတွင်းတွင် တည်ရှိသဖြင့် အပူချိန်မြင့်မားပြီး မိုးရေချိန်ရရှိမှု ပမာဏနည်းပါးသည်။ လေ့လာဆန်းစစ်မှုအရ (၂၀၀၈ -၂၀၁၀) ခုနှစ်အတွင်း နှစ်သုံးဆယ်အတွင်း၊ မိတ္ထီလာမြို့ ပျမ်းမျှအပူချိန်မှာ ၃၃ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး အနိမ့်ဆုံးအပူချိန်မှာ (၉. ၁၂. ၁၉၉၁)တွင် ၁၉ ဒီဂရီစင်တီဂရိတ်နှင့် အမြင့်ဆုံးအပူချိန်မှာ (၁. ၆. ၁၉၈၃)နေ့တွင် ၄၁. ၁၀ ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ မေလတွင် အပူချိန်အမြင့်မားဆုံးဖြစ်ပြီး ညအပူချိန်မှာ ၃၁. ၁၀ ဒီဂရီစင်တီဂရိတ်ထိ အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပါသည်။ ဒီဇင်ဘာလ အအေးဆုံးလဖြစ်ပြီး အပူချိန် ၂၈. ၈ ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။

မိုးရေချိန်ရရှိမှု ပမာဏအနေနှင့် မိတ္ထီလာမြို့နယ်တွင် တစ်နှစ်ပတ်လုံး ပျမ်းမျှ ၁၀၀ မီလီမီတာ ရရှိပါသည်။ မေလနှင့်စက်တင်ဘာလတွင် မိုးများလေ့ရှိသည်။ အနောက်တောင်မုတ်သုန်လေ ဝင်ရောက်ခြင်းကြောင့် မိုးရရှိသည်။ ထင်ရှားသော မိုးရေချိန်များမှာ ၁၉၈၉ ခုနှစ်တွင် ၁၀၀၆ မီလီမီတာ၊ ၂၀၀၀ ခုနှစ်တွင် ၉၄၆ မီလီမီတာ၊ ၂၀၀၁ တွင် ၉၀၉ မီလီမီတာ၊ ၁၉၉၂ တွင် ၈၈၀ မီလီမီတာ ရွာသွန်းပြီး မိုးရေချိန်အနည်းဆုံး ၁၉၉၄ တွင် ၄၉၁ မီလီမီတာ ဖြစ်ပါသည်။

(အရင်းအမြစ် – Climate Profile Myanmar - Climate Variabilities, Extermes and Trends in Centeral Dry, Costal and Hilly Zones, RIMES & UN-Habitat, 2016)

### (ခ) သဘာဝပေါက်ပင်များ

မိတ္ထီလာမြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ တမာ၊ ထနောင်း၊ မကျည်း၊ ရှား၊ လက်ပံ၊ ကုက္ကို၊ ကန္တာရ၊ မယ်ဇလီ၊ ဇီးဖြူ၊ ထန်း၊ သန်း၊ ဒဟတ်ပင်များနှင့် ဆူးနှင့် ချုံနွယ်ဖြစ်သော နဘူး၊ ဆူးခြစ်၊ ရှားစောင်း၊ အင်ကြင်း၊ ပိတောက်နှင့် ပျဉ်းကတိုးပင်များ ပေါက်ရောက်ပါသည်။

### (ဂ) သဘာဝပတ်ဝန်းကျင် လက်ရှိအခြေအနေ

မိတ္ထီလာမြို့နယ်၏ လက်ရှိ သဘာဝပတ်ဝန်းကျင်အခြေအနေမှာ သစ်တောဖုံးလွှမ်းမှု (၃.၁၂ ရာခိုင်နှုန်း) ရှိပါသည်။ ၄င်းအနက်မှ ကြိုးဝိုင်းသစ်တောဖုံးလွှမ်းမှုမှာ (၂)ဖြစ်ပြီး ကြိုးပြင်ကာကွယ်တောဖုံးလွှမ်းမှု မရှိပါ။

### (ဃ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ

မိတ္ထီလာမြို့နယ်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ကြိုးဝိုင်းတော(၆၁၂ဝ)ကေ၊ ကြိုးပြင် ကာကွယ်တော မရှိပါ။ သစ်တောစိုက်ခင်းတည်ထောင်နိုင်မှုမှာ ပုဂ္ဂလိက သစ်မာ(၄၅)ကေ၊ ကျေးရွာထင်းစိုက်ခင်း (၄၆၂၅)ကေ ဖြစ်ပါသည်။

## ၂-၄။ လူဦးရေနှင့်နေထိုင်မှုဆိုင်ရာ အချက်အလက်များ

မိတ္ထီလာမြို့နယ်တွင် ဗမာလူမျိုး အများဆုံးနေထိုင်ပြီး အခြားတိုင်းရင်းသားလူမျိုးစုများဖြစ်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ ၊ ရခိုင်၊ ရှမ်း၊ဝဝ ပအိုဝ်၊ တောင်ရိုးတို့လည်း နေထိုင်ကြပါသည်။

မိတ္ထီလာမြို့နယ်၏ ၂၀၁၆ ခုနှစ်၊ မတ်လကုန်အထိ မြို့နေအိမ်ထောင်စု ၁၉၀၆၃ ဖြစ်ပြီး ရပ်ကွက် ၁၄ ခုတွင် နေထိုင်ကြပါသည်။ ကျေးလက်နေ အိမ်ထောင်စုများမှာ ၃၅၁၆၀ ဖြစ်ပြီး ကျေးရွာအုပ်စု ၅၈ ခုတွင် နေထိုင်ကြပါသည်။ ၁၈ နှစ်အောက် ကျား/မပေါင်းမှာ ၁၉၉၅၁၈ ဦး၊ ၁၈ နှစ်အထက် ကျား/မပေါင်းမှာ ၉၉၂၂၉ ဦး၊ စုစုပေါင်း လူဦးရေမှာ ၂၉၈၇၄၇ ဦး ဖြစ်ပါသည်။

မိတ္ထီလာမြို့နယ်တွင် နေထိုင်ကြသူများ၏ ၉၅ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး ခရစ်ယာန်ဘာသာကိုးကွယ်သူ ဝ.၃၅ ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာ ဝ.၂၆ ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာကိုးကွယ်သူ ၄.၄၉ ရာခိုင်နှုန်း ဖြစ်ပါသည်။

## ၂-၅။ လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

### (က) စီးပွားရေးဆိုင်ရာ ခြုံငုံသုံးသပ်ချက်

မိတ္ထီလာမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသအတွင်းတွင် တည်ရှိပြီး စီးပွားရေးအရ အချက်အချာကျပြီး ဖွံ့ဖြိုးတိုးတက်မှုရှိသော မြို့နယ်တစ်ခု ဖြစ်ပါသည်။ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ထို့အပြင် လျှပ်စစ်ပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ လယ်ယာသုံးပစ္စည်း၊ အဝတ်အထည်နှင့် တောင်သူသုံးပစ္စည်းများ ရောင်းဝယ်ခြင်းစသည့် ကုန်သွယ်မှုလုပ်ငန်းများကိုလည်း စီးပွားဖြစ်လုပ်ကိုင်ကြပါသည်။ မိတ္ထီလာမြို့နယ်သည် မြန်မာနိုင်ငံအနှံ့အပြားရှိဒေသများသို့ ကုန်းလမ်းဖြင့်သာသွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြို့နယ်ဖြစ်ပါသည်။ မြို့နယ်၏ အဓိကထွက်ကုန်များမှာ စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ဟင်းသီးဟင်း

ရွက်နှင့် ဒေသထွက်ချည်ထည်များဖြစ်ပြီး မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်း၊ အောက်ပိုင်းဒေသများသို့ အများဆုံး တင်ပို့ရောင်းချပါသည်။ မိတ္ထီလာမြို့နယ်သည် အခြားဒေသမှ အဝတ်အထည်နှင့်စားသောက်ကုန်များ အဓိကတင်သွင်းရပါသည်။

## (ခ) မြေအသုံးချမှု

မိတ္ထီလာမြို့နယ်၏ အသားတင်စိုက်ပျိုးမြေ ဧရိယာပေါင်း ၁၄၃၅၇၁ ဧက ရှိသည့်အနက် လယ်မြေ ၅၃၄၃၀ ဧကနှင့် ယာမြေ ၈၉၅၀၈ ဧက အသုံးချထားသည်။ စားကျက်မြေ ၅၆၁ ဧက၊ စက်မှုလုပ်ငန်းသုံးမြေ ၇၂၉ ဧက၊ မြို့မြေ ၂၄၀၈ ဧက၊ ရွာမြေ ၅၈၀၀ ဧက၊ အခြားမြေ ၃၆၀၄၁ ဧက၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧရိယာ ၆၅၃၆ ဧက၊ မြေရိုင်း ၂၃၇၂ ဧက၊ စိုက်ပျိုးခြင်းမပြုနိုင်သော ဧရိယာ ၉၆၃၈၈ ဧက၊ စုစုပေါင်း ၃၀၄၂၃၄ ဧက ဖြစ်ပါသည်။

## (ဂ) စိုက်ပျိုးရေးလုပ်ငန်း

မိတ္ထီလာမြို့နယ်တွင် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲတီစိမ်းငုံတို့ စိုက်ပျိုးပါသည်။

နှစ်ရှည်သီးနှံများအနေနှင့် ပန်း၊ သနပ်ခါး၊ ကြက်ဆူ၊ သစ်စိမ့်၊ ငှက်ပျော၊ အုန်း၊ ထန်း၊ သရက်၊ သံပုရာ၊ ဇီး၊ စပျစ်၊ မန်ကျည်းတို့ကို စိုက်ပျိုးကြပါသည်။ စိုက်ဧကပေါင်း ၅၃၃၅ ရှိပြီး အထွက်နှုန်း နှစ်စဉ် ၁၉၉၆၅ ပိဿာခန့် ထွက်ရှိပါသည်။ အခြားဈေးကွက်ဝင်သီးနှံဖြစ်သော ဖရဲသီးကိုလည်း ၁၀၄ ဧက ခန့်စိုက်ပျိုးထုတ်လုပ်လျက် ရှိပါသည်။ လယ်ယာသုံးထယ် အရေအတွက်မှာ ၁၄၃၉၈၊ ထွန်အရေအတွက် ၁၆၁၉၅၊ ကျွဲ၊ နွားကောင်ရေစုစုပေါင်း ၄၁၆၀၄ အသုံးပြုလျက်ရှိပါသည်။

ဒေသတွင်း ဆန်ဖူလုံမှုရာခိုင်နှုန်း (၂၀၁၆ -၂၀၁၇ ခုနှစ် အခြေအနေ) မှာ ၁၄.၃၇ ရာခိုင်နှုန်း၊ ဒေသတွင်းဆီဖူလုံမှုမှာ ၁၅၄.၁၂ ရာခိုင်နှုန်း (၂၀၁၆-၂၀၁၇) ဖြစ်သည်။

## (ဃ) မွေးမြူရေးလုပ်ငန်း

မိတ္ထီလာမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းများကို (၁၄) ရပ်ကွက်၊ တပ်နယ်၊ ရှမ်းတဲရွာ၊ ကန်တောင်၊ မုန့်တိုင်၊ ရေဝေတို့တွင် လုပ်ကိုင်လျက်ရှိရာ ကျွဲ၊ နွား၊ ဝက်၊ သိုး/ဆိတ်၊ ကြက်၊ ဘဲများ မွေးမြူကြသည်။ မြို့နယ်အတွင်း အသားထုတ်လုပ်မှုမှာ ဝက်သား၊ အမဲသား၊ သိုး၊ ကြက်၊ ဘဲသားတို့ ထုတ်လုပ်ရောင်းချကြသည်။ နို့ထွက်ပစ္စည်းထုတ်လုပ်မှု ပမာဏ ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ၁၃၆၆၁.၄၉ ပိဿာဖြစ်ပါသည်။

## (င) စက်မှု၊ လက်မှုလုပ်ငန်း

မြို့နယ်ရှိစက်ရုံများမှာ စားသောက်ရေးစက်ရုံ ၁၂၂ ရုံ၊ ဝတ်ဆင်ရေး စက်ရုံ ၁၃၁၊ လူသုံးကုန်ပစ္စည်းစက်ရုံ ၁ ရုံ၊ အိမ်သုံးကုန်ပစ္စည်း စက်ရုံ ၁ ရုံ၊ ကုန်ကြမ်းပစ္စည်းစက်ရုံ ၅ ရုံ၊ ဓာတ်သတ္တုပစ္စည်း စက်ရုံ ၁၃ ရုံ၊ စိုက်ပျိုးရေးကိရိယာ စက်ရုံ ၁ ရုံ၊ သယ်ယူပို့ဆောင်ရေး ၃ ရုံ၊ အထွေထွေစက်မှုလုပ်ငန်း ၅၄ ခု ရှိပါသည်။

အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများအနေနှင့် စက်ချုပ်လုပ်ငန်း၊ ပန်းတိမ်လုပ်ငန်း၊ ပန်းဘဲလုပ်ငန်း၊ မုန့်လုပ်ငန်း၊ ဖိနပ်ချုပ်လုပ်ငန်း၊ ဂုံနီအိတ်ချုပ်လုပ်ငန်း၊ အထွေထွေလုပ်ငန်းများ ရှိပါသည်။

### (စ) သစ်တောလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မိတ္ထီလာမြို့နယ်၏ သစ်တောကြိုးဝိုင်း (မုန်တိုင်အုပ်စု)သည် ၆၁၂၀ ဧက ကျယ်ဝန်းပြီး အပူပိုင်းတောခြောက် ဖြစ်၍ တယ်၊ သဘွတ်ကြီး၊ ရှား၊သဘောက်၊နီပဆေး၊ သန်း၊ ဒဟတ်၊ ထနောင်း စသည့်အပင်များ ပေါက်ရောက်သည်။

### (ဆ) ဆက်သွယ်ရေး

မိတ္ထီလာမြို့နယ်၏ ဆက်သွယ်ရေးကဏ္ဍတွင် စာတိုက် ၆၊ ကြေးနန်း ၁၊ အော်တိုဖုန်း ၄၂၀၀ လုံး၊ အင်တာနက် အသုံးပြုသူ ၇၂၂၀၀ ဦး ရှိပါသည်။ မိတ္ထီလာမြို့နယ်တွင် လူဦးရေ (၂၉၈၇၄၇)ဦးရှိရာ ဖုန်း(၁၈၀၂၀၀)လုံး အသုံးပြုလျက်ရှိသဖြင့် လက်ကိုင်ဖုန်းနှင့်ကြိုးဖုန်း သုံးဆွဲမှုရာခိုင်နှုန်းမှာ (၆၀.၃၂)ရာခိုင်နှုန်း ဖြစ်ပါသည်။ ရုပ်သံလွှင့်ရုံ/ထပ်ဆင့်လွှင့်ရုံသည် မိတ္ထီလာ၊ ရတနာမရှိအောင် ရပ်ကွက်တွင်တည်ရှိပြီး မိုင် ၂၀ နှင့် ၂၅ ကြား ထုတ်လွှင့်နိုင်သည်။

### (ဇ) ဆည်မြောင်းတာတမံများ

မိတ္ထီလာမြို့နယ် ပေါက်ချောင်း/နတ်တော်ကုန်းရှိ မိတ္ထီလာကန်သည် ရေ ၁၀၈၂၂၉၁၇၆၀ ကုဗပေ ဝင်ဆံ့ပြီး ၄၅၇၇၆ ဧက ထိ အကျိုးပြုနိုင်ပါသည်။ ပျော်ဘွယ်မြို့နယ်ရှိ ချောင်းကောက်ရေလှောင်တမံမှာ ရေ ၅၇၇၁၇၀၀၀၀ ကုဗပေ ဝင်ဆံ့ပြီး အကျိုးပြု ဧက ၇၀၁၁၊ မုန်တိုင်ရေလှောင်တမံ ရေဝင်ဆံ့မှု ၁၁၇၈၀၈၀၂၀၀ ကုဗပေ၊ အကျိုးပြုဧက ၆၈၈၀၊ ရှမ်းမငယ်ရေလှောင်တမံ၊ ညောင်ကုန်းရေလှောင်တမံ၊ လက်ခုပ်ပင်ရေလှောင်တမံ၊ လွန်ငင်ရေလှောင်တမံ၊ မြေတော်ကန် ရေလှောင်တမံတို့ ရှိပါသည်။

## ၂-၆။ ပညာရေးကဏ္ဍ

မိတ္ထီလာမြို့နယ်တွင် မိတ္ထီလာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ လေကြောင်းတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းတို့ရှိပြီး ကျောင်းသူ/သားပေါင်း ၁၃၅၉၁ ဦးကို သင်ကြားပို့ချပေးနေပါသည်။ မိတ္ထီလာမြို့နယ်တွင် လေကြောင်းအတတ်သင်လေတပ်စခန်း (ရှမ်းတဲကျေးရွာအုပ်စု) နှင့် မြေပြင်အတတ်သင်လေတပ်စခန်း (အောင်ဇေယျာရပ်ကွက်) တို့ရှိပါသည်။

အခြေခံပညာအထက်တန်းကျောင်း (၁၀) ကျောင်း၊ အလယ်တန်းကျောင်း (၁၄) ကျောင်း၊ အ.မ.က ကျောင်း (၁၈၇) ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (၁၉) ကျောင်း ရှိပါသည်။ ကျောင်းများကို များသောအားဖြင့် တစ်ထပ် အုပ်ညှပ်အဆောက်အဦများဖြင့် တည်ဆောက်ထားပါသည်။ (၅) နှစ်ပြည့်ကလေး ကျောင်းအပ်နှံမှု မှာ ၉၉.၈၄ ရာခိုင်နှုန်း ရှိပါသည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်မှု ၄၁.၉၂ ရာခိုင်နှုန်း ဖြစ်ပါသည်။

## ၂-၇။ ကျန်းမာရေးကဏ္ဍ

မိတ္ထီလာမြို့နယ်၏ ကျန်းမာရေးကဏ္ဍတွင် အစိုးရပြည်သူ့ဆေးရုံကြီး (၃) ရုံ (နန်းတော်ကုန်းဆေးရုံ၊ ရှမ်းမငယ်ဆေးရုံ၊ အလည်ရွာဆေးရုံ) တို့ရှိပြီး ပုဂ္ဂလိကဆေးရုံ (၆) ရုံ (သုခ ထီလာ၊ စိုးမိုး၊ ရှင်သန်ခြင်း၊ ဖော်၊ သရဖူ၊ ထီလာဦး) တို့ဖြစ်သည်။

ထို့အပြင် အစိုးရဆေးပေးခန်းများဖြစ်သော ငှက်ဖျားတိုက်ဖျက်ရေး ဆေးပေးခန်း၊ ရောင်ခြည်ဦး (HIV) ဌာန၊ တီဘီဌာန၊ မျက်စိကုဌာနများလည်း ရှိသည်။ မိတ္ထီလာမြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာန (၈) ခုနှင့် ဌာနခွဲပေါင်း (၄၈) ခုလည်း ရှိပါသည်။

# အခန်း [၃]

# အန္တရာယ်များနှင့် အန္တရာယ်ကျရောက်နိုင်မှု ဖော်ပြခြင်း

မိတ္ထီလာမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်လွင်ပြင်ဒေသဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၇၀၄. ၈၃)အမြင့်တွင် တည်ရှိ၍ ယေဘုယျအားဖြင့် ညီညာပြန့်ပြူးသည့်ဒေသ ဖြစ်သော်လည်း တောင်ကုန်းတောင်တန်း ငယ်လေးများ တည်ရှိပါသည်။ ထင်ရှားသည့်တောင်မှာ တောင်မြဲတောင်တန်း (၁၅၉၆)ပေ မြင့်ပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၁၅၉၆)ပေရှိ၍ မြို့နယ်၏အနိမ့်ဆုံးအရပ်ဒေသမှာ ရန်မျိုးအောင်ရပ်ကွက် ဖြစ်ပါသည်။ မိတ္ထီလာမြို့သည် မြစ်ချောင်းများနည်းပါးသည့် ဒေသတစ်ခုဖြစ်ပြီး မြစ်ချောင်းများသည် အနောက်မှအရှေ့သို့ စီးဆင်းလျက်ရှိပါသည်။

မိတ္ထီလာမြို့နယ်သည် အပူပိုင်းဒေသအတွင်းတွင် တည်ရှိသဖြင့် မီးဘေးအန္တရာယ်ကျရောက်နိုင်ပြီး လျှင်ဘေး ဖြစ်နိုင်ခြေလည်း ရှိပါသည်။ မိတ္ထီလာမြို့နယ်အတွင်း ထင်ရှားသည့် သဘာဝဘေးအန္တရာယ်ကျရောက်မှုမှာ ၂၀၀၁ ခုနှစ်တွင် ရေဘေး(၁)ကြိမ် ကြုံတွေ့ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၅ သန်းဖြစ်သည်။ ၁၉၉၁ ခုနှစ်တွင် မီးဘေး(၁)ကြိမ် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုမှာ ၅၁၃. ၅ သန်းဖြစ်ပြီး လူ ၂၀ ခန့် အသေအပျောက်ရှိခဲ့ပါသည်။ ထို့ပြင် မိုးရာသီကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်းများကြုံတွေ့ရပြီး လေဆင်နှာမောင်းတိုက်ခတ်ခြင်းများလည်း ဖြစ်ပေါ်လေ့ရှိပါသည်။

## ၃-၁။ သဘာဝဘေး အန္တရာယ်လေ့လာဆန်းစစ်ချက် (Hazard Assessment)

မိတ္ထီလာမြို့နယ်၏ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ကျေးရွာစာရေးများ၏ ပံ့ပိုးမှုဖြင့် ရရှိလာသောဘေးဖြစ်စဉ်သမိုင်းများနှင့် မိတ္ထီလာမြို့နယ်တွင်း ကျရောက်နိုင်သော ဘေးအန္တရာယ်များကို အောက်တွင် ဖော်ထုတ်ထားပါသည်။

ဖြစ်ပွားမှု အများဆုံးဘေးအန္တရာယ် အစဉ်လိုက်မှာ -

(၁) မီးဘေး

(၂) ရေဘေး

(၃) လေပြင်းဘေး

(၄) လေဆင်နှာမောင်းဘေး

(၅) လျှင်ဘေးတို့ ဖြစ်ပါသည်။

### ၃-၁-၁။ မီးဘေး

မီးလောင်ခြင်းဆိုသည်မှာ အပူ၊ လောင်စာနှင့် အောက်ဆီဂျင်တို့ ဓာတ်ပြုခြင်းကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ မီးလောင်မှုဖြစ်စေသော အကြောင်းရင်းမှာ နေအိမ်များတွင်ဖြစ်ပေါ်သော မတော်တဆမှုများ (လျှပ်စစ်ပစ္စည်းများ ခံနိုင်ရည်ဝန်အားထက် ပိုမိုအသုံးပြုခြင်း၊ လောင်စာဆီမှ မီးလောင်ခြင်း၊ ဆေးလိပ်မီးကို မဆင်မခြင်စွန့်ပစ်ခြင်း၊ သောက်ခြင်း၊ အပူပေးသောပစ္စည်းများကို မဆင်မခြင်ပေါ့ဆစွာ အသုံးပြုခြင်း၊ ခေတ်မီလျှပ်စစ်ပစ္စည်းများကို အသုံးပြုမှုနည်းပါးခြင်းနှင့် သတိမေ့လျော့ခြင်း၊ မီးဖိုမီးသုံးရာတွင် ပေါ့ဆခြင်း၊ မီးလောင်လွယ်သော အိမ်ဆောက်ပစ္စည်းများကို အသုံးပြုခြင်း၊ မီးလောင်လွယ်သောအမှိုက်များကို စည်းကမ်းမဲ့စုပုံထားမှု)နှင့် (လူတို့ကြောင့် လောင်ကျွမ်းခြင်းနှင့် သဘာဝအလျောက်လောင်ကျွမ်းခြင်း)၊ အဖျက်အမှောက်သဘောဖြင့် လောင်စေသော ရှို့မီးတို့ဖြစ်ပါသည်။

လူနေထူထပ်ခြင်း၊ မီးဘေးကြိုတင်ပြင်ဆင်ခြင်း အထောက်အကူပြု မီးငြိမ်းသတ်ကိရိယာများ မပြည့်စုံခြင်း၊ စက်ရုံ၊ အလုပ်ရုံပေါ်များခြင်းနှင့် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်မှုမရှိခြင်း စသည့်အချက်တို့ကြောင့် မီးဘေးအန္တရာယ်မှ ကျရောက်နိုင်ခြေများသည်ကို တွေ့ရှိရသည်။

မီးဘေးကြောင့် လူ(မီးလောင်နေသော အဆောက်အအုံတွင်ပိတ်မိသော)များနှင့် တိရစ္ဆာန်များ၏ အသက်များဆုံးရှုံးခြင်း၊ လူနေအိမ်ခြေများ၊ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းခွင်နေရာများ၊ အိမ်သုံးပစ္စည်းများနှင့် စားနပ်ရိက္ခာများပျက်စီးဆုံးရှုံးခြင်း၊ မီးလောင်ခံရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း။ သယ်ယူပို့ဆောင်ရေး၊ စီးပွားရေးလုပ်ငန်းများ ထိခိုက်ခံရခြင်းတို့ ဆုံးရှုံးနိုင်ပါသည်။ ထို့ပြင် တောမီးလောင်မှုကြောင့် သစ်တောနှင့်မြေဆီလွှာများဆုံးရှုံးရခြင်း၊ ရေဝေရေလဲဒေသများ ခန်းခြောက်ခြင်း၊ သဘာဝတောရိုင်းသတ္တဝါတို့ အန္တရာယ်ကြုံတွေ့ရခြင်း၊ စားကျက်မြေများ ပျက်စီးခြင်းစသော ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်ပါသည်။ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ ဖော်ထုတ်ချက်အရ မိတ္ထီလာမြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်(၅) ခုနှင့် ကျေးရွာ(၂)ရွာသည် မီးဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ မြင့်မားကြောင်းတွေ့ရှိရပါသည်။ မိတ္ထီလာမြို့နယ်၏ မီးဘေးဖြစ်စဉ်သမိုင်းကို နောက်ဆက်တွဲ (၄)ဖြင့် ဖော်ပြထားပါသည်။ မြို့နယ်တွင်း မီးဘေး ကျရောက်နိုင်ခြေပြမြေပုံကို အောက်တွင်ဖော်ပြထားသည်။

## ပုံ (၁) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မီးဘေးအန္တရာယ် ကျရောက်နိုင်ခြေပြ မြေပုံ




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

### ၃-၁-၂။ ရေဘေး

ရေဘေးသည် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ဆည်များ ကျိုးပေါက်ခြင်းများကြောင့် ဖြစ်ပေါ်စေပါသည်။ မြေနိမ့်ပိုင်းများအား အဓိက ထိခိုက်စေနိုင်ပါသည်။ အဆောက်အဦ၊ စားနပ်ရိက္ခာ၊ အသုံးအဆောင်များ၊ ရေနစ်ပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ ရထားလမ်း၊ ကားလမ်း၊ လျှပ်စစ်မီးတိုင်၊ တံတားအစရှိသော အခြေခံအဆောက်အဦများ ပျက်စီးပြီး၊ လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေးထိခိုက်ခြင်းများ၊ လူနှင့်ကျွဲ၊ နွားတိရစ္ဆာန်များ ရေနစ်သေဆုံးခြင်းများ၊ အအေးမိရောဂါ၊ သောက်သုံးရေများ ညစ်ညမ်းပြီး ဝမ်းရောဂါအမျိုးမျိုးဖြစ်ပွားခြင်းများ၊ စိုက်ပျိုးသီးနှံများ ပျက်စီးမှုကြောင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်ပါသည်။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ဖော်ထုတ်ချက်အရ မိတ္ထီလာမြို့နယ်ရှိ ရပ်ကွက်(၂)ရပ်ကွက်နှင့် ကျေးရွာ(၂)ရွာသည် ရေဘေးကျရောက်ခံရနိုင်ခြေ မြင့်မားသည်ကို တွေ့ရှိရပါသည်။ မြို့နယ်တွင်း ရေဘေးကျရောက်နိုင်ခြေပြမြေပုံကို အောက်တွင် ဖော်ပြထားသည်။

## ပုံ (၂) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ရေဘေးအန္တရာယ် ကျရောက်နိုင်ခြေပြ မြေပုံ

Myanmar Information Management Unit

# Flood Risk Map of Meiktila Township




Map ID: MIMU1475v01
Creation Date: 27 April 2017, A4
Projection/Datum: Geographic/WGS84

Data Sources: UN Habitat
Base Map: MIMU
Boundaries: WFP/MIMU
Place names: Ministry of Home Affairs (GAD) translated by MIMU

**Legend**

Main Town
Other Town
Major Road
Railroad
Village Tract Boundary
Township Boundary
State/Region Boundary

**Hazard Level of Flood**
Low
Middle
High

info.mimu@undp.org
www.themimu.info

Copyright © Myanmar Information Management Unit 2017. May be used free of charge with attribution.

Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

### ၃-၁-၃။ လေပြင်းဘေး

မိတ္ထီလာမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်လွင်ပြင်ဒေသဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၇၀၄. ၈၃)အမြင့်တွင်တည်ရှိ၍ ယေဘုယျအားဖြင့် ညီညာပြန့်ပြူးသည့်ဒေသ ဖြစ်သော်လည်း တောင်ကုန်းတောင်တန်းငယ်လေးများ တည်ရှိပါသည်။ မိတ္ထီလာမြို့နယ်ရှိ ကျေးရွာအချို့တွင် လေပြင်းတိုက်ခတ်ခြင်းများ ကြုံတွေ့ရလေ့ရှိပြီး လေဘေးမကျရောက်မီ ကြိုတင်ခန့်မှန်းနိုင်သော ထူးခြားဝိသေသများမှာ ထင်ရှားခြင်း မရှိပေ။ ထို့အပြင် မိတ္ထီလာမြို့နယ်အတွင်း နေထိုင်ကြသော ပြည်သူများသည် သဘာဝဘေးအန္တရာယ်၏ ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းများအား သေသေချာချာသိရှိသော လူဦးရေနည်းနိုင်သဖြင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သော အသိပညာ၊ ဗဟုသုတများ နည်းပါးပြီး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် အားနည်းသည်ကို တွေ့ရှိရသည်။ လေဘေးကြောင့် အဆောက်အဦများ၊ မော်တော်ယာဉ်များ၊ တံတားများ၊ လူနေအိမ်ခြေများ ပျက်စီးခြင်း၊ အိမ်အမိုးများလန်ခြင်း၊ သစ်ပင်များပြိုလဲခြင်းနှင့် အခြားသောထိခိုက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။ မြို့နယ်တွင်း လေပြင်းဘေးကျရောက်နိုင်ခြေပြမြေပုံကို အောက်တွင် ဖော်ပြထားသည်။

ပုံ (၃) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် လေပြင်းဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ

Myanmar Information Management Unit

## Strong Winds Risk Map of Meiktila Township




| Map ID: MIMU1475v01<br>Creation Date: 27 April 2017, A4<br>Projection/Datum: Geographic/WGS84 | **Legend** | info.mimu@undp.org<br>www.themimu.info |
|---|---|---|
| Data Sources: UN Habitat<br>Base Map: MIMU<br>Boundaries: WFP/MIMU<br>Place names: Ministry of Home Affairs (GAD) translated by MIMU | Main Town; Other Town; Major Road; Railroad; Village Tract Boundary; Township Boundary; State/Region Boundary; **Hazard Level of Strong Winds**: Low, Middle, High | Copyright © Myanmar Information Management Unit 2017. May be used free of charge with attribution. |

Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

### ၃-၁-၄။ လေဆင်နှာမောင်းဘေး

လေဆင်နှာမောင်းဆိုသည်မှာလည်း မိုးတိမ်တောင်မှတစ်ဆင့် ဖြစ်ပေါ်လာသော ပြင်းထန်စွာ လည်ပတ်တိုက်ခတ်နေသည့် နှာမောင်းသဏ္ဍာန်လေပွေဖြစ်သည်။ လေဆင်နှာမောင်း၏ဖြစ်စဉ်မှာ လေထုအတွင်း ပြောင်းလဲမှုကြောင့် မိုးတိမ်တောင်များ ဖြစ်ပေါ်လာပါသည်။ မိုးတိမ်တောင်များ၏ အောက်ခြေသည် လေစီးကြောင်းများသည် လှည့်ပတ်ပြီး အပေါ်ကို တက်လာသည်။ လေတိုက်ရာလမ်းကြောင်းကို ပိုမို ကျဉ်းမြောင်းပြင်းထန်လာပြီး လေဆင်နှာမောင်း ဖြစ်ပေါ်လာပါသည်။ လေဆင်နှာမောင်းတိုက်ခတ်ချိန်သည် (၁) မိနစ်မှ (၁၀) မိနစ်သာ ကြာပါသည်။ လေဆင်နှာမောင်း၏ အရွယ်အစားနှင့် ရွေ့လျားသည့် အကွာအဝေးသည် ဆိုင်ကလုန်းမုန်တိုင်းထက် အများကြီးသေးငယ်ပါသည်။ သို့သော်လည်း လေတိုက်နှုန်းသည် ပိုမိုပြင်းထန်ပြီး မည်သည့်အချိန်၊ မည်သည့်နေရာတွင် လေဆင်နှာမောင်းဖြစ်နိုင်မည်ကို ခန့်မှန်းရန် ခက်ခဲပါသည်။

လေဆင်နှာမောင်းသည် လူကို လွင့်ပါစေရုံသာမက အိမ်ခေါင်မိုး၊ ကား၊ သစ်ပင်များ ကဲ့သို့သော အရာဝတ္ထုများ လွင့်ပါလာသောကြောင့် လူများအား ထိခိုက်ဒဏ်ရာများ ရစေပါသည်။ မိတ္ထီလာမြို့နယ်တွင် လေဆင်နှာမောင်းဘေး ကျရောက်နိုင်ခြေပြမြေပုံကို အောက်တွင်ဖော်ပြထားသည်။

ပုံ (၄) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် လေဆင်နှာမောင်းဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၃-၁-၅။ ငလျင်ဘေး

မြေငလျင်ဆိုသည်မှာ မြေကြီးတုန်ခါမှုဖြစ်ခြင်းကို ခေါ်ဆိုခြင်းဖြစ်ပါသည်။ ဘူမိဗေဒဘာသာရပ်တွင် မြေထုချပ် (Plate) ဟုခေါ်သော ကျောက်သားထုချပ်နှစ်ခုသည် တစ်ခုနှင့်တစ်ခုတွန်းတိုက်မိရာမှ တစ်ခုက အခြားတစ်ခုအောက်သို့ ငုံ့လျှိုးဝင်ရောက်ပြီး အပေါ်တစ်ခုသည် တွန်းတိုက်ခံရသည့်အတွက် တွန့်ခေါက်လာ၍ အဆိုပါတွန်းတိုက်သည့်နေရာတွင် အားများ တဖြည်းဖြည်း စုစည်းမိလာကာတစ်ချိန်တွင် စုစည်းမိသောအားများ ရုတ်တရက်ရုန်းကန်၍ အဘက်ဘက်သို့ ပြန့်ထွက်သွားပါသည်။ အဆိုပါအားများ (စွမ်းအင်အား) ဖြတ်သွားရာ လမ်းကြောင်းတစ်လျှောက်ရှိ ကြားခံအရာများအား လုံး တုန်ခါ၍သွားသည်ကို မြေငလျင်လှုပ်သည်ဟု ခေါ်ဆိုကြပါသည်။

မီးတောင်ပေါက်ကွဲခြင်း၊ မြေအောက်မိုင်းခွဲခြင်း၊ အာကာသမှဥက္ကာခဲများ ကမ္ဘာမြေပေါ်သို့ကျခြင်းတို့ကြောင့်လည်း မြေငလျင်များ လှုပ်တတ်ပါသည်။ မြန်မာနိုင်ငံတွင် စစ်ကိုင်းမြေငလျင်ကြော၊ ကဘော်မြေငလျင်ကြော၊ ဖာပွန်မြေငလျင် ကြော၊ ကျောက်ကြမ်းမြေငလျင်ကြောနှင့် အခြားမြေငလျင်ကြောငယ်လေးများကြောင့် မြေငလျင်လှုပ်ရှားမှုများ ဖြစ်ပွား ခဲ့ခြင်းကို လေ့လာတွေ့ရှိရသည်။

မြေပြင်ငလျင်လှိုင်းသွား အမြင့်ဆုံးအရှိန်တန်ဖိုးပေါ်မူတည်ကာ လျှင်ကြောင့်ပျက်စီးနိုင်မှုကို ယေဘုယျအားဖြင့် ဇုန် (၅)ဇုန်ဖြင့် ဖော်ပြပါသည်။ ဇုန် (၁) မှ ဇုန် (၅) မှာ ပျက်စီးမှုများဇုန်၊ ပြင်းထန်ဇုန်၊ အားပြင်းဇုန်၊ အားလတ်ဇုန်နှင့် အားနည်းဇုန်အထိ အစဉ်လိုက်ဖြစ်သည်။ ဇုန်(၂) အားလတ်ဇုန်တွင် အမြင့်ဆုံးလာနိုင်သော မြေငလျင်လှိုင်းသွားအရှိန် တန်ဖိုးမှာ ၀.၁၁ မှ ၀.၂ ဂျီအထိဖြစ်သည်။ လူတိုင်းခံစားမိနိုင်ပြီး၊ အများစုထိတ်လန့်ကာ အပြင်သို့ထွက်ပြေးမှုများ ဖြစ် ပေါ်နိုင်သည်။ ဇုန် (၃) အားပြင်းဇုန်တွင် အမြင့်ဆုံးလာနိုင် သော မြေငလျင်လှိုင်းသွား အရှိန်တန်ဖိုးမှာ ၀.၂၁ မှ ၀.၃ ဂျီအထိအဖြစ်သည်။ စနစ်တကျ မထားသိုသော ပစ္စည်းများ၊ စနစ်တကျ ဆောက်လုပ်မထားသော နံရံများနှင့် အခြား အရာဝတ္ထုများတွင် အလတ်စားမှ အကြီးစား အပျက်အစီးအထိ ပျက်စီးမှုများဖြစ်ပေါ်နိုင်သည်။ ဇုန်(၄) ပြင်းထန်ဇုန်တွင် အမြင့် ဆုံးလာနိုင်သော မြေငလျင်လှိုင်းသွား အရှိန်တန်ဖိုးမှာ ၀.၃၁ မှ ၀.၄ ဂျီအထိအဖြစ်သည်။ ထိခိုက်ပျက်စီးမှုများမှာ ခိုင်မာစွာဆောက်ထားသော အဆောက်အအုံများ အနည်းငယ် ပျက်စီးခြင်း၊ သာမန်အဆောက်အအုံများ ပြိုကျခြင်း၊ ကျောက်တိုင်များ၊တံတိုင်းများ လဲကျခြင်း၊ ပရိဘောဂများလဲပြိုခြင်း၊ သဲအရည်ပျော်၍ ပန်းထွက်ခြင်း၊ ရေတွင်းများတွင် ရေမျက်နှာပြင် ပြောင်းလဲခြင်းများဖြစ်နိုင်ပါသည်။ ဇုန် (၅) ပျက်စီးမှုများဇုန်တွင် အမြင့်ဆုံးလာနိုင်သော မြေငလျင်လှိုင်း သွား အရှိန်တန်ဖိုးမှာ ၀.၄၁ မှ ၀.၆ ဂျီအထိဖြစ်သည်။ ခိုင်ခံ့စွာဆောက်ထားသော အဆောက်အအုံများတွင် အပျက် အစီး များစွာဖြစ်ပေါ်ခြင်း၊ အချို့ပြိုကျခြင်း၊ မြေပြင်တွင် သိသာသော အက်ကြောင်းများဖြစ်ပေါ်နိုင်ခြင်း၊ မြေအောက်ရှိ ပိုက်လိုင်းများ ကျိုးပဲ့ပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာနိုင်ငံ မြေငလျင်အန္တရာယ်ပြမြေပုံ (မြေငလျင် ပြန်လည်လှုပ်ခတ်မှုဖြစ်နိုင်ခြေ ၄၇၅ နှစ်အတွင်း)အရ မိတ္ထီလာ မြို့နယ်၏ အရှေ့ဘက်ခြမ်းသည် လျှင်ဒဏ်ခံရနိုင်ခြေများပြီး ဇုန် (၅) ပျက်စီးမှုများဇုန်အတွင်း လည်းကောင်း၊ အလယ် ပိုင်းသည် ဇုန် (၄) ပြင်းထန်ဇုန်နှင့် ဇုန်(၃) အားပြင်းဇုန်တို့တွင်လည်းကောင်း တည်ရှိသည်။ အနောက်ဘက်ခြမ်းသည် ဇုန် (၂)အားလတ်ဇုန်အတွင်း ကျရောက်သည်။ သို့ပါသောကြောင့် မခိုင်ခံ့သည့်အဆောက်အဦများနှင့် ဘေးတုံ့ပြန်နိုင်သည့် အသိပညာအားနည်းပါက လျှင်အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများနိုင်သည့် မြို့နယ်ဖြစ်ပါသည်။ မိတ္ထီလာမြို့နယ်တွင်း ငလျင် ဘေးကျရောက်နိုင်ခြေပြမြေပုံကို အောက်တွင် ဖော်ပြထားသည်။

(အရင်းအမြစ်-မြန်မာနိုင်ငံ မြေငလျင်အန္တရာယ်ပြမြေပုံ (Seismic Hazards Profile of Myanmar - States, Regions and Selected Cities) - မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံငလျင်ကော်မတီ၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းတို့နှင့် အတူပူးပေါင်း၍ UN-Habitat မှ ၂၀၁၅ ခုနှစ်တွင် ထုတ်ဝေသည်)

# ပုံ (၅) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ငလျင်ဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ

Myanmar Information Management Unit

## Earthquake Risk Map of Meiktila Township




Map ID: MIMU1475v01
Creation Date: 27 April 2017, A4
Projection/Datum: Geographic/WGS84

Data Sources: UN Habitat
Base Map: MIMU
Boundaries: WFP/MIMU
Place names: Ministry of Home Affairs (GAD) translated by MIMU

**Legend**

| | | |
|---|---|---|
| Main Town | Village Tract Boundary | **Hazard Level of Earthquake** |
| Other Town | Township Boundary | Low |
| Major Road | State/Region Boundary | Middle |
| Railroad | | High |

info.mimu@undp.org
www.themimu.info

Copyright © Myanmar Information Management Unit 2017. May be used free of charge with attribution.

Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၃-၂။ အန္တရာယ်ကျရောက်နိုင်မှု လေ့လာဆန်းစစ်ချက် (Vulnerability Assessment)

မိတ္ထီလာမြို့နယ်၏ အန္တရာယ်ကျရောက်လွယ်မှုကို နေအိမ်အမျိုးအစား၊ မိသားစုဝင်ငွေ၊ အလုပ်အကိုင်အမျိုးအစား၊ သောက်သုံးရေရရှိမှု စသည်တို့ကို လေ့လာဆန်းစစ် ဖော်ထုတ်ထားပါသည်။ နေအိမ်အမျိုးအစားအနေဖြင့် သစ်သားအိမ်၊ ဝါးအိမ်၊ တဲအိမ်တို့ စုစုပေါင်း ၃၉ ရာခိုင်နှုန်းရှိခြင်းကြောင့် မီးဘေးဖြစ်ပွားပါက ထိခိုက်လွယ်မည်ဖြစ်သည်။ မီးဘေးအဖြစ်များသည့် မိတ္ထီလာမြို့နယ်အတွက် မီးဘေးအသိပညာပေးများ၊ လှုံ့ဆော်မှုများ များစွာလိုအပ်ပါသည်။ အုတ်နှင့် အိမ်ကြီး အမျိုးအစားမှာ ၂၇ ရာခိုင်နှုန်း၊ ၂၆ ရာခိုင်နှုန်း အသီးသီးရှိခြင်းကြောင့် ခိုင်ခံ့မှုအားနည်းလျှင် ငလျင်ဘေးဖြစ်ပေါ်ပါက အပျက်အစီးများနိုင်ပါသည်။ စစ်ကိုင်းပြတ်ရွေ့ကြော တစ်လျှောက်တွင် တည်ရှိသည့် မြို့နယ်ဖြစ်သည့်အတွက်လည်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရမည်ဖြစ်သည်။ ကောက်ယူထားသော အချက်အလက်များအရ မိတ္ထီလာမြို့နယ်၏ တစ်နေ့ပျမ်းမျှမိသားစုဝင်ငွေမှာ ၃၀၀၀ ကျပ်အောက်ရသည့် မိသားစုမှာ ၆၃ ရာခိုင်နှုန်းဖြစ်သည်။ ယင်းပမာဏမှာ ဥပဒေမှပြဋ္ဌာန်းထားသော လူတစ်ဦး၏ တစ်နေ့ အနိမ့်ဆုံးလုပ်ခလစာ အောက်သာဖြစ်သည်။ ဝင်ငွေနည်းသောသူများသည် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် အခက်အခဲရှိနိုင်ပြီး ဘေးကျရောက်လာပါကလည်း ဆိုးကျိုးများ ပိုမိုထိခိုက်ခံစားရနိုင်ပါသည်။ မြို့နယ်နေလူထု၏ အလုပ်အကိုင်ကို လေ့လာဆန်းစစ်သောအခါ ၇၀ ရာခိုင်နှုန်းမှာ လယ်လုပ်ငန်းကို လုပ်ကိုင်ကြသည်။ သို့ဖြစ်ပါ၍ ရေကြီးခြင်းဘေးအန္တရာယ်ကျရောက်ပါက ထိခိုက်လွယ်ပြီး ပျက်စီးဆုံးရှုံးမှုများနိုင်ပါသည်။ သောက်သုံးရေကို မြေအောက်ရေ၊ ရေတွင်းနှင့် ရေကန်များမှရရှိပြီး ကျေးရွာ (၃၀)ရာခိုင်နှုန်းခန့်သည် နွေရာသီတွင် သောက်သုံးရေရရှိရန် အခက်အခဲရှိကြောင်း သိရပါသည်။ မြို့နယ်ဝန်းကျင်အတွင်း ဓာတ်ဆီဆိုင်ပေါင်း (၃၀) ရှိပြီး ယင်းဆိုင်တို့၏ သိုလှောင်ရာနေရာများ၊ လူနေအိမ်များနှင့် အကွာအဝေး၊ လောင်စာဖြစ်စေသည့် ပစ္စည်းအရောင်းဆိုင်များ (သစ်ဆိုင်၊ ဝါးဆိုင်၊ စာအုပ်အရောင်းဆိုင်၊ ဂက်(စ်)ဆိုင်)နှင့် အကွာအဝေး စသည်တို့နှင့် စနစ်တကျ နေရာချထားခြင်းမရှိပါက မီးဘေးအန္တရာယ် ဖြစ်ပေါ်နိုင်သည်။

## ၃-၃။ စွမ်းဆောင်ရည် လေ့လာဆန်းစစ်ချက် (Resource Mapping/Capacity Assessment)

မိတ္ထီလာမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်တစ်ခုခု ကျရောက်လာသည့်အခါ အချိန်မီ တုံ့ပြန်ရင်ဆိုင်နိုင်ရန်၊ လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကောက်ယူရရှိထားသော အချက်အလက်များအပေါ်မူတည်ကာ စွမ်းဆောင်ရည်ကို လေ့လာဆန်းစစ်ထားပါသည်။ မိတ္ထီလာမြို့သည် တည်နေရာအရ အားသာချက်ရှိသည့် မြို့နယ်ဖြစ်သည်။ မြန်မာနိုင်ငံ၏အလယ်ပိုင်း အချက်အချာကျသောနေရာတွင် တည်ရှိခြင်းကြောင့် မြန်မာနိုင်ငံအထက်ပိုင်း၊ အောက်ပိုင်းနှင့်အရှေ့ပိုင်းတို့မှလာသော ကုန်စည်များဆုံရပ်ဖြစ်ပြီး စီးပွားကူးသန်းရောင်းဝယ်ရေး ကောင်းမွန်သည်။ လမ်းပန်းဆက်သွယ်ရေး အရလည်း ကောင်းမွန်ပြီး ကားလမ်းများဖြင့် အခြားမြို့များသို့ လွယ်လင့်တကူ သွားလာနိုင်သည်။ စစ်တပ်ဆိုက်ရာမြို့နယ်လည်း ဖြစ်ခြင်းကြောင့် ဘေးအန္တရာယ်ကြုံတွေ့ပါက တပ်မတော်သားများ၏ အင်အား၊ စက်ယန္တရားအင်အားတို့ကို ကြန့်ကြာမှုမရှိဘဲ အချိန်တိုအတွင်း ရယူနိုင်သည်။ ထို့ပြင် ကျေးရွာများအထိ ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်းနှင့် အရေးပေါ်ရွှေ့ပြောင်းရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် မြို့ပေါ်နေရပ်ကွက်များနှင့် ကျေးရွာများတွင် ကြက်ခြေနီလူငယ်များ၊ အရန်မီးသတ်အဖွဲ့များ၊ သာရေးနာရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ၊ မိခင်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာကဲ့သို့သော အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း လုပ်အားပေးအဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အင်အားများကို ရယူနိုင်ပါသည်။ ပညာရေးကောင်းမွန်သောမြို့နယ်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်မှု ၄၁.၉၂ ရာခိုင်နှုန်း ဖြစ်ပါသည်။ အဆင့်မြင့် ပညာရေးအနေဖြင့် မိတ္ထီလာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ လေကြောင်းတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းများလည်း ဖွင့်လှစ်ထားပါသည်။ ပညာတတ်သူ လူဦးရေများသောကြောင့် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရာတွင် အထောက်အကူပြုနိုင်ပါသည်။ နေအိမ်အမျိုးအစားအနေဖြင့် အုတ်နှင့်အိမ်ကြီးအမျိုးအစားမှာ ၂၇ ရာခိုင်နှုန်း၊ ၂၆ ရာခိုင်နှုန်း အသီးသီးရှိပြီး မုန်တိုင်းဘေးနှင့်လေပြင်းဘေးတို့ တွေ့ကြုံပါက ခံနိုင်ရည် ရှိနိုင်ပါသည်။

# အခန်း [၄]

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် မြို့နယ်အတွင်း ဖွဲ့စည်းထားရှိမှုများ

မိတ္ထီလာမြို့နယ်၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျနှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ၎င်း၏လက်အောက်တွင် လုပ်ငန်းကော်မတီ (၉) ဖွဲ့ကို ဖွဲ့စည်းထားပါသည်။ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အတွင်းရေးမှူးသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းတို့လုပ်ဆောင်ရန် အဓိကဆက်သွယ်ရမည့်ပုဂ္ဂိုလ် (Focal Person) အဖြစ် တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ပါသည်။

## မိတ္ထီလာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဖွဲ့စည်းပုံဇယား

**မိတ္ထီလာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ**

- ၁။ သတင်းဆက်သွယ်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ
- ၂။ ရှာဖွေရေးနှင့်ကယ်ဆယ်ရေး လုပ်ငန်းကော်မတီ
- ၃။ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း ကော်မတီ
- ၄။ ကနဦးလိုအပ်ချက်များစစ်တမ်းကောက်ယူခြင်း လုပ်ငန်းကော်မတီ
- ၅။ ထောက်ပံ့ပစ္စည်းများဖြန့်ဖြူးရေး လုပ်ငန်းကော်မတီ
- ၆။ ဘဏ္ဍာငွေရှာဖွေရေးနှင့်ထောက်ပံ့ပစ္စည်းများ လက်ခံရေး လုပ်ငန်းကော်မတီ
- ၇။ ပြန်လည်ထူထောင်ရေးနှင့် ဆုံးရှုံးမှုတန်ဖိုး စိစစ်ရေးလုပ်ငန်းကော်မတီ
- ၈။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ
- ၉။ လုံခြုံရေးလုပ်ငန်းကော်မတီ

**သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းထားရှိမှုများ**

မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းပါသည်။

## ၄-၁။ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းထားရှိမှု

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်တရားသူကြီး၊ မြို့နယ်တရားရုံး | အဖွဲ့ဝင် |
| (၃) | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၄) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၅) | ဦးစီးအရာရှိ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးစီးအရာရှိ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးစီးအရာရှိ၊ လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၉) | ဦးစီးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (၁၁) | ဦးစီးအရာရှိ၊ မြို့နယ်ဗဟိုစာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | စစ်ဘက်ပုဂ္ဂိုလ်တစ်ဦး | အဖွဲ့ဝင် |
| (၁၃) | လက်ထောက်ညွှန်မှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | လက်ထောက်ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၁၅) | တပ်ရင်းမှူး၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၁၆) | ဒုမြို့နယ်ကျန်းမာရေးဦးစီးမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၇) | မြို့နယ်ပညာရေး ဦးစီးမှူး၊ မြို့နယ်ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၈) | ဦးစီးအရာရှိ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားရေးမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၉) | ဦးစီးအရာရှိ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၂၀) | ဦးစီးအရာရှိ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၂၁) | ဦးစီးအရာရှိ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၂၂) | ဦးစီးအရာရှိ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | အဖွဲ့ဝင် |
| (၂၃) | ဦးစီးမှူး၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၂၄) | ဦးစီးမှူး၊ မြို့နယ်သစ်တောဦးစီးဌာန | အတွင်းရေးမှူး |
| (၂၅) | ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

## ၄-၂။ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှု

### ၁။ သတင်းဆက်သွယ်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | ဦးစီးအရာရှိ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၃) | အမှတ်(၁)စခန်းမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၄) | အမှတ်(၂)စခန်းမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၅) | အမှတ်(၃)စခန်းမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၆) | ရှမ်းမငယ်နယ်မြေရဲစခန်း | အဖွဲ့ဝင် |
| (၇) | အလည်ရွာနယ်မြေရဲစခန်း | အဖွဲ့ဝင် |
| (၈) | မြို့နယ်ဒုဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဒု-ပညာရေးမှူး၊ မြို့နယ်ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | စုံစမ်းရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဌာန | အဖွဲ့ဝင် |
| (၁၁) | ဦးစီးအရာရှိ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၁၂) | ဦးစီးအရာရှိ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၁၃) | စာတည်းမှူး၊ မြန်မာနိုင်ငံစာရေးဆရာများအသင်း | အဖွဲ့ဝင် |
| (၁၄) | ဥက္ကဋ္ဌ၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ | အတွင်းရေးမှူး |

## ၂။ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | လက်ထောက်ညွှန်မှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒု-မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၃) | မြို့နယ်ဒုဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဌာနမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးစီးအရာရှိ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတပ်ရင်းမှူး၊ မြန်မာနိုင်ငံ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အတွင်းရေးမှူး |

## ၃။ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | ဦးစီးအရာရှိ၊ မြို့နယ်ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဥက္ကဋ္ဌ၊ မြို့နယ်ယာဉ်လုပ်ငန်းကြီးကြပ်ရေး | အဖွဲ့ဝင် |
| (၄) | ဌာနခွဲမှူး၊ အိတ်ချိန်းရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၅) | ဦးစီးအရာရှိ၊ မြို့နယ်ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန | အတွင်းရေးမှူး |

## ၄။ ကနဦးလိုအပ်ချက်များ စစ်တမ်းကောက်ယူခြင်း လုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ဥက္ကဋ္ဌ |
| (၂) | ဒု-ပညာရေးမှူး၊ မြို့နယ်ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | လက်ထောက်ဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | လက်ထောက်ညွှန်မှူး၊ ခရိုင်သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | မြို့နယ်ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဒု-ဦးစီးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဒု-ဦးစီးမှူး၊ မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဒု-ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၉) | ဦးစီးအရာရှိ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | တာဝန်ခံ၊ မြန်မာ့အာမခံလုပ်ငန်း | အဖွဲ့ဝင် |
| (၁၁) | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၁၂) | ဦးစီးအရာရှိ၊ မြို့နယ်စာရင်းအင်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

## ၅။ ထောက်ပံ့ပစ္စည်းများဖြန့်ဖြူးရေး လုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | ဦးစီးမှူး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | လက်ထောက်ဦးစီးမှူး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | လက်ထောက်ညွှန်မှူး၊ ခရိုင်သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတပ်ရင်းမှူး၊ မြန်မာနိုင်ငံ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၆) | တာဝန်ခံ၊ မြန်မာ့အာမခံလုပ်ငန်း | အဖွဲ့ဝင် |
| (၇) | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၈) | ဦးစီးအရာရှိ၊ မြို့နယ်ဗဟိုစာရင်းအင်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

## ၆။ ဘဏ္ဍာငွေရှာဖွေရေးနှင့် ထောက်ပံ့ပစ္စည်းများလက်ခံရေးလုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | လက်ထောက်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် | ဥက္ကဋ္ဌ |
| (၂) | ဦးစီးမှူး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၄) | လက်ထောက်ညွှန်မှူး၊ ခရိုင်သာသနာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဥက္ကဋ္ဌ၊ ကုန်စည်ဒိုင်အဖွဲ့ | အဖွဲ့ဝင် |
| (၆) | ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (၇) | ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| (၈) | အတွင်းရေးမှူး၊ ဘိုးဘွားရိပ်သာစောင့်ရှောက်ရေး | အဖွဲ့ဝင် |
| (၉) | ဒု-ဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အတွင်းရေးမှူး |
| (၁၁) | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

## ၇။ ပြန်လည်ထူထောင်ရေးနှင့် ဆုံးရှုံးမှုတန်ဖိုး စိစစ်ရေးလုပ်ငန်းကော်မတီ

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၃) | ဒု-ပညာရေးမှူး၊ မြို့နယ်ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | အင်ဂျင်နီယာမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၅) | လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | မြို့နယ်ဦးစီးမှူး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၉) | ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| (၁၀) | မြို့နယ်ဦးစီးမှူး၊ မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | တာဝန်ခံ၊ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၁၂) | ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |
| (၁၅) | ဦးစီးအရာရှိ၊ လမ်းဦးစီးဌာန (မြို့ပြ) | တွဲ-အတွင်းရေးမှူး |

**၈။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | ဌာနမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၃) | ဒုဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးစီးမှူး၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (၆) | ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| (၇) | ဦးစီးအရာရှိ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးဦးစီးဌာန | အတွင်းရေးမှူး |

**၉။ လုံခြုံရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | အမှတ် (၁၊၂၊၃၊ ရှမ်းမငယ်ရဲစခန်း၊ အလည်ရွာ) နယ်မြေရဲစခန်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| (၃) | လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | အမှတ်(၉၆)၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးစုရုံး | အဖွဲ့ဝင် |
| (၅) | စုံစမ်းရေးမှူးအထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |

# အခန်း [၅]

# မိတ္ထီလာမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများ

## ၅-၁။ မိတ္ထီလာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

မိတ္ထီလာမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ဒဏ် လျော့ပါးစေရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျနှင့် ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းကော်မတီများ၏တာဝန်များကို အောက်ပါအတိုင်း အဆင့်(၃)ဆင့် သတ်မှတ်ထားပါသည်။

| ဘေးမကျရောက်မီ |
| --- |
| • မြို့နယ်တွင်းကျရောက်နိုင်သော ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့နည်းသက်သာစေရန် စီမံချက်ရေးဆွဲရန်၊ ခရိုင်သို့တင်ပြရန်။ |
| • ကျရောက်နိုင်သော ဘေးအန္တရာယ်တစ်ခုချင်းစီအလိုက် ကဏ္ဍအလိုက် လိုအပ်သည်များ ကြိုတင်ပြင်ထားရန်။ |
| • စက်ရုံ၊ အလုပ်ရုံမှထွက်သော ဘေးထွက်စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးဖြစ်မှုမှ လျော့ကျရန် အညစ်အကြေးများအား သတ်မှတ်ထားသောနေရာတွင်သာ စွန့်ပစ်ရန် နှိုးဆော်ခြင်း၊ စည်းကမ်းကြပ်မတ်ခြင်းများ ပြုလုပ်ရန်။ |
| • ရန်ပုံငွေများ ရှာဖွေစုဆောင်းထူထောင်ခြင်းများပြုလုပ်ရန်။ |
| • မြို့နယ်၏ ဘေးဖြစ်ပွားမှုကို နှစ်အလိုက်စာရင်းပြုစုရန်။ |
| • သဘာဝဘေးအန္တရာယ်ကျရောက်လွယ်သော ဦးစားပေးနယ်ပယ်များကို ဒေသခံပြည်သူများနှင့် ဆွေးနွေးတိုင်ပင်ဖော်ထုတ်ရန်။ |
| • မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ အစည်းအဝေးများကို ပုံမှန်ကျင်းပခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှု လျော့ပါးရေးနှင့် ကြိုတင်ပြင်ဆင်ရေး အစီအမံများအားစဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုရေး။ |

- မိမိမြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် သဘာဝဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများကို ထည့်သွင်းစဉ်းစားရန် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး (သို့မဟုတ်) မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနများသို့ အကြံပြုချက်များပေးရန်။
- ရပ်ကွက်/ကျေးရွာအုပ်စု သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းနိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစီမံချက်များ စနစ်တကျရေးဆွဲ အကောင်အထည်ဖော်နိုင်ရေး ကြီးကြပ်ရန်။
- မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (ခရိုင်အဆင့်)နှင့်ပူးပေါင်းပြီး မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်ကြည့်ပြီး မိမိမြို့နယ်ရှိ ရပ်ရွာလူထုများသို့ အသိပေးအကြောင်းကြားရန်။
- မိမိမြို့နယ်တွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရပ်ရွာအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့နှင့် အတူပူးပေါင်းဆောင်ရွက်ရန်။
- သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးစီမံကိန်းများကို မုတ်သုန်အကြိုကာလဖြစ်သော မတ်လနှင့် ဧပြီလအတွင်း လေ့လာဆန်းစစ်ရန်။
- ရှာဖွေရေးနှင့် ကယ်ဆယ်ရေးအဖွဲ့များ တည်ထောင်ခြင်း၊ ရှေးဦးပြုစုခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စုများအတွင်း ကြိုတင်သတိပေးချက်ထုတ်ပြန်ခြင်းနှင့် လိုအပ်သောစွမ်းဆောင်ရည် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန်။
- အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်ရန်အတွက် လိုအပ်သောယာဉ်များနှင့်လောင်စာများ၊ လှေများ၊ ဆေးဝါးများ၊ ပစ္စည်းကိရိယာများကို မုတ်သုန်မတိုင်မီကာလတွင် စီစဉ်ထားရှိရန်။
- ဘေးအန္တရာယ်ခံ အဆောက်အဦးများအား စာရင်းပြုစုရန်၊ လိုအပ်သော သတင်းအချက်အလက်များအား စာရင်းပြုစုရန်နှင့် လိုအပ်ပါက ကြိုတင်အကြောင်းကြားရန်။
- ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ဘေးအန္တရာယ်သတိပြုရေး မြေစိုက်ပိုစတာ၊ နံရံကပ်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့်ဟောပြောပွဲများ ပြုလုပ်ရန်။
- မြို့နယ်အတွင်း အများဆုံးဖြစ်ပွားနိုင်သော သဘာဝဘေးအန္တရာယ်များကိုဖော်ထုတ်ထား၍ ပြည်သူ့အသိပညာပေးသည့်လုပ်ငန်းများကို အလေးပေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်။
- ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၏ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို စာရင်းပြုစုထားပြီး ခရိုင်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများထံသို့ ဖြန့်ဝေပေးထားရန်။
- မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ဖြစ်ပွားလာနိုင်မည့် ကပ်ရောဂါများအတွက် စီမံချက်များ ရေးဆွဲထားခြင်း။ (ဥပမာ– ရေဘေးကြောင့်ဖြစ်လာနိုင်သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါ)
- သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် ထိရောက်မှုအားသုံးသပ်ရန် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ရပ်ရွာလူထုများပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်ရန်။
- သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခရိုင်အဆင့်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- အရေးပေါ်ကာလအထောက်အပံ့ပေးနိုင်မည် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ကြိုတင်ချိတ်ဆက်ပူးပေါင်းရန် လမ်းညွှန်မှုများပေးရန်။

- သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် သက်ဝင်လှုပ်ရှားမှုရှိစေရန် မိမိမြို့နယ်အတွင်း ပြောင်းလဲလာသော ဖြစ်စဉ်များပေါ်အခြေခံ၍ စီမံချက်ကို နှစ်နှစ်တစ်ကြိမ် ပြင်ဆင်ရေးဆွဲရန်။
- ရပ်ကွက်၊ ကျေးရွာအုပ်စုသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းနိုင်ရန်နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုစီမံကိန်းများရေးဆွဲရာတွင် ထိခိုက်လွယ်အုပ်စုများ (မသန်စွမ်း၊ ကလေး၊ သက်ကြီး၊ ကိုယ်ဝန်ဆောင်) အတွက်ကို ဦးစားပေးထည့်သွင်းရေးဆွဲနိုင်ရန်နှင့် စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် လမ်းညွှန်ပေးခြင်း။
- သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ဝင်များအား တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများ တက်ရောက်နိုင်ရေးစီစဉ်ပေးရန်၊ သင်တန်းတက်ရောက်ပြီးသော ဆရာများအား ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချနိုင်ရန်နှင့် ကျေးရွာအုပ်စုနှင့် ကျေးရွာများရှိရပ်ရွာလူထုအား ဆင့်ပွားသင်တန်းတက်ရောက်နိုင်ရန် စိစစ်ရွေးချယ်ပေးခြင်းနှင့် လိုအပ်သော လမ်းညွှန်မှုများပေးရန်။
- ဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသောဒေသရှိ ပြည်သူများအား အာမခံစနစ်များထားရှိရေး စီစဉ်ညွှန်ကြားပေးရန်။
- မိမိဒေသ၏ ရာသီဥတုနှင့်ကိုက်ညီပြီး ဘေးဒဏ်ခံနိုင်သော သီးနှံအမျိုးအစားများအား ရွေးချယ်စိုက်ပျိုးနိုင်ရေးနှင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေသော အကြမ်းခံသည့် မွေးမြူရေးတိရစ္ဆာန်များ တွဲဖက်မွေးမြူရန်နည်းပညာပံ့ပိုးမှုများ ပေးရန်။
- အခန်း (၇) ပုဒ်မ (၂၉) အပိုဒ် (တ)တွင် ပြဋ္ဌာန်းထားသော အရေးပေါ်ကူညီထောက်ပံ့ရေးပစ္စည်းများကို စနစ်တကျ ဖြန့်ဖြူးနိုင်ရေးအတွက်ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လုံခြုံရေးတပ်ဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အတူ ညှိနှိုင်းချက်အရလိုအပ်သော စာရင်းဇယားပုံစံများ ပြုစုထားရန်။

## ဘေးကျရောက်စဉ်

- ကြိုတင်စုဆောင်းထားသော အရန်ရိက္ခာနှင့် ရေများအား ရွှေ့ပြောင်းထိန်းသိမ်းနိုင်ရေးညွှန်ကြားရန်။
- ဘေးကျရောက်သည်နှင့်တစ်ပြိုင်နက် စီမံချက်ပါအတိုင်း လုပ်ငန်းကော်မတီအသီးသီးမှ စတင်ဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ကွပ်ကဲရေးရုံးဖွင့်လှစ်ပြီး အနီးကပ်ကြီးကြပ်ရန်။
- အရေးပေါ်သတိပေးချက်ရရှိချိန်တွင် အန္တရာယ်ကျရောက်နိုင်ခြေရှိသော ဒေသရှိပြည်သူလူထုထံ အချိန်မီသတင်းထုတ်ပြန်နိုင်ရန် သတင်းဆက်သွယ်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီအား တာဝန်ပေးရန်နှင့် သတင်းပေးပို့ပြီးပါက ပြန်လည်တင်ပြနိုင်ရေးအတွက် လမ်းညွှန်မှုများပေးရန်။
- သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ ဘေးသင့်ပြည်သူလူထုများအား ဘေးကင်းရာသို့ အမြန်ဆုံးရွှေ့ပြောင်းရန် လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီဆောင်ရွက်ရန်။
- ဘေးသင့်ပြည်သူများကို ဘေးကင်းရာသို့ အမြန်ဆုံးရွှေ့ပြောင်းရန် လိုအပ်ပါက အထက်အဖွဲ့အစည်းနှင့်နယ်မြေခံ တပ်မတော်၏ အကူအညီရယူနိုင်ရေး တင်ပြရန်။
- လုပ်ငန်းကော်မတီအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စဉ်ဆက်မပြတ် လမ်းညွှန်မှုများပေးရန်။
- မိမိဒေသတွင်းမှ အင်အားများဖြစ်သော လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်ဆက်အကူအညီရယူရန်။
- သတင်းဆက်သွယ်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီမှ အရေးပေါ်ကာလထောက်ပံ့ရန်ရှိသော ကျေးရွာများ၏ စာရင်းကိုပြုစုရန်နှင့် ကျန်လုပ်ငန်းကော်မတီများထံမှ ရရှိလာသော အချက်အလက်များကို စုစည်း၍ကော်မတီသို့ အချိန်နှင့် တစ်ပြေးညီတင်ပြနိုင်ရေး ညွှန်ကြားရန်။

- သဘာဝဘေးကျရောက်မှု အခြေအနေကို စဉ်ဆက်မပြတ်ရယူပြီး ခရိုင်သို့တင်ပြကာ ဖြစ်ပေါ်လာသည့်အခြေအနေပေါ်မူတည်ပြီး ကော်မတီမှ လိုအပ်သည့်လမ်းညွှန်မှုများပေးရန်။
- ဦးဆောင်ကော်မတီမှ လမ်းညွှန်မှုများကို အခြားသောလုပ်ငန်းကော်မတီများထံသို့ သတင်းဆက်သွယ်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီမှ သတင်းအချက်အလက်များ ဖြန့်ဖြူးပေးရန်။
- ဘေးအန္တရာယ်ကျရောက်စဉ်တွင် ကြိုတင်ဖွဲ့စည်းထားသော ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းကော်မတီမှ ဇာတ်တိုက်လေ့ကျင့်မှုများအတိုင်း ဆောင်ရွက်ရန်။
- ဘေးအန္တရာယ်ကြုံတွေ့ချိန်တွင် အသက်အန္တရာယ်ကင်းဝေးရေးသည် အဓိကဖြစ်ကြောင်း တပ်လှန့်နိုးဆော်ရန်။ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းကော်မတီမှ လိုအပ်သည်များကို အမြန်ဆုံးဆောင်ရွက်နိုင်ရေး ညွှန်ကြားရန်။
- နည်းဥပဒေ ၃၄ အပိုဒ်ခွဲ (က၊ခ) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကနဦးဆန်းစစ်ချက်၏ တွေ့ရှိချက်များကို အထက်အဆင့်ဒေသဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သို့ ထပ်ဆင့်တင်ပြရန်၊

| ဘေးကျရောက်ပြီး |
| --- |

- ဘေးကင်းလုံခြုံသော နယ်မြေများသတ်မှတ်ရာတွင် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုများ၊ ရပ်ရွာလူထုများနှင့်ဆွေးနွေး၍ တိုင်ပင်ရန်။
- ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးခြင်း၊ ထောက်ပံ့မှုများ အမြန်ရရှိရန် အာဏာပိုင်သို့တင်ပြဆောင်ရွက်ရန်။
- သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ရရှိလာသောအချက်အလက်များကို အသုံးပြု၍ ဘေးသင့်ပြည်သူများအား ရှာဖွေကယ်ဆယ်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်နိုင်ရေး၊ အရေးပေါ်ကာလ ထောက်ပံ့နိုင်ရေး၊ ဘေးကင်းခိုလှုံရာဒေသသို့ ပို့ဆောင်နိုင်ရေးအတွက် လုပ်ငန်းကော်မတီတိုင်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညွှန်ကြားရန်။
- လုပ်ငန်းကော်မတီအချင်းချင်း အချိတ်အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုချောမွေ့စေရန် ကြီးကြပ်ကွပ်ကဲရန်။
- သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ တွေ့ကြုံလာသော အခက်အခဲများဖော်ထုတ်၍ လုပ်ငန်းစီမံချက်၏အားနည်းချက်၊ အားသာချက်များအား ပြန်လည်သုံးသပ်၍ စီမံချက်အား ပြန်လည်ရေးဆွဲရန် ဦးဆောင်လမ်းညွှန်မှုများပေးခြင်း။
- အလှူရှင်များမှ လှူဒါန်းလာသော ပစ္စည်းများစာရင်းများအား ဘဏ္ဍာငွေရှာဖွေရေးနှင့် ထောက်ပံ့ပစ္စည်းများလက်ခံရေး လုပ်ငန်းကော်မတီထံသို့ စာရင်းနှင့်တကွ အပ်နှံရန်။
- သတင်းဆက်သွယ်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီမှတင်ပြလာသော ယခင် ဖြန့်ဝေပြီးသောကယ်ဆယ်ရေးပစ္စည်းများစာရင်းများပေါ်နှင့် ကနဦးလိုအပ်ချက်များ စစ်တမ်းကောက်ယူခြင်းလုပ်ငန်းကော်မတီ၏ ဆန်းစစ်ချက်တို့ကို အခြေခံ၍ လိုအပ်နေသေးသော ဘေးသင့်ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထပ်မံဖြန့်ဝေနိုင်ရေး ညွှန်ကြားရန်။
- ဘဏ္ဍာငွေရှာဖွေရေးနှင့် ထောက်ပံ့ပစ္စည်းများ လက်ခံရေးလုပ်ငန်းကော်မတီမှ ရရှိလာသော လှူဒါန်းငွေများအား ဘဏ္ဍာငွေစည်းမျဉ်းများနှင့်အညီ ထိန်းသိမ်းရန်၊ စနစ်တကျသုံးစွဲနိုင်ရန် စာရင်းရှင်းတမ်းများထုတ်ပြန်ရေး စီမံဆောင်ရွက်ရန်။
- ဘေးကျရောက်ပြီး ပြန်လည်တည်ဆောက်သောအဆောက်အဦများမှာ ဘေးဒဏ်ခံနိုင်သည့် အဆောက်အဦများဖြစ်စေရန်အတွက် သက်ဆိုင်ရာတည်ဆောက်ရေး ကြီးကြပ်မှုအတွက် ပြန်လည်ထူထောင်ရေးနှင့် ဆုံးရှုံးမှုတန်ဖိုးစိစစ်ရေးလုပ်ငန်းကော်မတီမှ ကြီးကြပ်နိုင်ရေးညွှန်ကြားရန်။ (အဆောက်အဦ နမူနာပုံစံ)

| |
|---|
| • ဆောက်လုပ်ရေးလုပ်သားများ (ပန်းရံ၊ လက်သမားများ)မှ ဘေးဒဏ်ခံနိုင်သော အဆောက်အဦများ တည်ဆောက်တက်စေရန်အတွက် သင်တန်းပေးနိုင်ရေး ညွှန်ကြားရန်။<br>• နည်းဥပဒေ အခန်း(၉) ပုဒ်မခွဲ (ဖ) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် အခြားကဏ္ဍများအတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းအရ အခြားအထောက်အပံ့ပေးနိုင်သည့် အဖွဲ့အစည်းများမှ ငွေကြေး၊ နည်းပညာအားဖြင့် ပူးပေါင်းပါဝင်လာစေရန်။<br>• နည်းဥပဒေ အခန်း (၉) ပုဒ်မခွဲ (င)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဘေးလွတ်ရာနေရာများနှင့် ယာယီခိုလှုံရာ နေရာများတွင် ထိခိုက်ခံရလွယ်သူများ၏ လိုအပ်ချက်များကိုထည့်သွင်း စဉ်းစားဆောင်ရွက်ရန်၊ ဒေသမြေမျက်နှာသွင်ပြင်အနေအထားအရ အရေးပေါ်ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နိုင်သည့်နေရာများကို ကြိုတင်သတ်မှတ်ထားရန်။<br>• ထိခိုက်ပျက်စီးမှုစာရင်းသွင်းရာတွင် ကူညီထောက်ပံ့ရေးတွင် ပုံစံကွဲလွဲမှုမရှိစေရေးအတွက် သက်ဆိုင်ရာပုံစံဇယားတစ်မျိုးတည်းကိုသာ သတ်မှတ်ရန်၊ ပျက်စီးဆုံးရှုံးမှုစာရင်းဇယား အချက်အလက်များ အမြန်ဆုံးကောက်ယူနိုင်ရေး ညွှန်ကြားရန်၊<br>• နည်းဥပဒေ အခန်း (၉) ပုဒ်မခွဲ (တ)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဘေးသင့်ဒေသတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လာနိုင်ရန် လမ်းပန်းဆက်သွယ်မှုနှင့်၊ ပို့ဆောင်ရေးပြန်လည်ကောင်းမွန်လာရေးဆောင်ရွက်ရန်။ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်၊ ဆက်သွယ်ရေးနှင့် အခြားလိုအပ်သော ကဏ္ဍအလိုက်လိုအပ်ချက်များ ပုံမှန်ဖြည့်ဆည်းပေးနိုင်ရန် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ငန်း၏အရေးပါမှုအလိုက် အဆင့်ခွဲခြားသတ်မှတ်ပြီး စနစ်တကျအကောင်အထည်ဖော်ရေး လမ်းညွှန်မှုပေးရန်။ သက်ဆိုင်ရာပို့ဆောင်ဆက်သွယ်ရေး အစီအစဉ်အရပို့ဆောင်ရေးယာဉ် ကား၊ ရေယာဉ် စသည်တို့ကို ဘေးအန္တရာယ်ကျရောက်ပြီးချိန်တွင် သုံးစွဲနိုင်ရေးစီစဉ်ညွှန်ကြားရန်။ |

## ၅-၂။ မိတ္ထီလာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများ

### ၁။ သတင်းဆက်သွယ်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

| ဘေးမကျရောက်မီ |
|---|
| • ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်းပြီး ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးမြေစိုက်ပိုစတာများ စိုက်ထူရန်၊ နံရံကပ်ပိုစတာများ ကပ်ထားရန်နှင့် လက်ကမ်းစာစောင်ဖြန့်ဝေရန်။<br>• အသိပညာပေး ဟောပြောပွဲများပြုလုပ်ရန်နှင့် ကြိုတင်သတိပေးနိုးဆော်ရန်။<br>• စားနပ်ရိက္ခာ ကြိုတင်စုဆောင်းရေး သတိပေးရန်။<br>• ကြိုတင်သတင်းမရရှိသည့် နေရာကျန်လုပ်မှု မရှိစေအောင် အမြန်သတင်းပို့ဆောင်ရွက်ရန်။<br>• ရေဒီယိုကြေညာချက်များကို လူထုသိရှိစေရန် အသံချဲ့စက်များဖြင့် လှည့်လည်ကြေညာပေးရန်။<br>• အန္တရာယ်ရှောင်ကွင်းနိုင်မည့် ပညာပေး (သရုပ်ပြ) သင်တန်းများပေးရန်၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ရန်။<br>• မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်သော သတိပေးချက်များကို အချိန်နှင့်တပြေးညီ လူထုသို့ သတင်းထုတ်ပြန်ရန်။ |

- စက်ရုံ၊ အလုပ်ရုံများကို လျှပ်စစ်မီး စနစ်တကျသုံးစွဲရေး၊ မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းများကို စနစ်တကျသုံးစွဲရန်၊ မီးဘေး အသိပေးနှိုးဆော်ချက်များနှင့် မီးဘေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ရန်။
- ရပ်ကွက်၊ ကျေးရွာများအတွင်း မီးသုံးစွဲမှု စနစ်တကျရှိစေရန် လက်ကမ်းစာစောင်များအား ဝေငှခြင်းဖြင့်လည်းကောင်း၊ ပိုစတာများ၊ ဆိုင်းဘုတ်များ စိုက်ထူခြင်းဖြင့်လည်းကောင်း၊ အသိပညာပေး ဇာတ်လမ်းများ လိုက်လံပြသပေးခြင်း အစရှိသည်တို့ ပြုလုပ်ရန်။
- ဌာနဆိုင်ရာများနှင့် စက်ရုံ၊ အလုပ်ရုံများတွင် မီးဘေးလျော့ပါးရေး စီမံချက်များရေးဆွဲထားရန်နှင့် စီမံချက်ပါအတိုင်း မီးဘေးဇာတ်တိုက်လေ့ကျင့်မှုများကို ရပ်ရွာလူထုများ၊ ထိခိုက်ခံရလွယ်အုပ်စုများ (သက်ကြီး၊ ဘိုးဘွား၊ မသန်စွမ်း၊ ကိုယ်ဝန်ဆောင်)၊ လုပ်ငန်းရှင်များ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ အားလုံးပါဝင်သော ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများကို စီမံခန့်ခွဲမှု ကော်မတီ၏ ဦးဆောင်မှုဖြင့်လည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်။
- ရေရရှိနိုင်သော အရင်းအမြစ်များ၏စာရင်းကို သက်ဆိုင်ရာဌာနများမှ ရယူစာရင်းပြုစုရန်။
- သက်ဆိုင်ရာဌာနဆိုင်ရာများမှ ထုတ်ပြန်ထားသော မီးသုံးစွဲမှုအချိန်နှင့် စည်းကမ်းချက်များအား အများပြည်သူများ သိရှိအောင် သတင်းထုတ်ပြန်ပေးရန်။
- မီးသတ်ဦးစီးဌာနမှ ညွှန်ကြားထားသော ညွှန်ကြားချက်များအား ပြည်သူများသိရှိအောင် သတိပေးနှိုးဆော်ထားရှိရန်။
- မီးဘေးကျရောက်ပါက လျင်မြန်စွာ သတင်းပေးပို့နိုင်မည့် အရေးပေါ်ဆက်သွယ်သည့်စနစ် ထူထောင်ထားရှိပြီး ကြိုတင် လေ့ကျင့်ထားရန်။
- အရေးပေါ် ဆက်သွယ်ရေးဖုန်းနံပါတ်များ၊ ဆက်သွယ်ရမည့်သူများနှင့် အထက်၊ အောက် ဆက်သွယ်ရမည့်နံပါတ်များကို စာရင်းပြုစုထားရှိရန်နှင့် သတင်းဆက်သွယ်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီသို့ ပေးပို့ရန်။
- မီးဘေးကျရောက်လျင် ကျရောက်ခြင်း သက်ဆိုင်ရာသို့ အရေးပေါ်ဆက်သွယ်နိုင်ရန် မီးသတ်တပ်ဖွဲ့များ၏ ဆက်သွယ်ရမည့် ဖုန်းများကို စာရင်းပြုစုပြီး လိုက်လံဖြန့်ဖြူးထားရှိရန်။

## ဘေးကျရောက်စဉ်

- အပျက်အစီးအနည်းဆုံးဖြစ်နိုင်မည့် နည်းလမ်းများကို အကြံပြုပေးခြင်း၊ လက်လှမ်းမှီသလောက် ပူးပေါင်းပါဝင်ကူညီပေးရန်။
- အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာသို့ အကြောင်းကြားရန်၊ အဆက်မပြတ်သတင်းများပေးရန်၊
- ဖြစ်ပွားမှုသတင်းများနှင့် ဖြစ်စဉ်များကို စဉ်ဆက်မပြတ်ရယူပြီး အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးရန်။
- နီးစပ်ရာဒေသများသို့ မီးဘေးကူးစက်မှုမရှိစေရန် မီးဘေးအခြေအနေများကို အရေးပေါ်ဆက်သွယ်မှုစနစ်များဖြင့် ကြိုတင်သတင်းပေးပို့ခြင်းဖြင့် ကာကွယ်မှုများပြုလုပ်ရန်။
- မီးဘေးပြန့်ပွားမှုမှ ကာကွယ်ရန်နှင့် လိုအပ်သောပံ့ပိုးမှုများရရှိရန် အခြေအနေများကို အရေးပေါ်ဆက်သွယ်ရမည့်သူများနှင့် တိုင်း၊ ခရိုင်အစရှိသော တာဝန်ရှိသူများသို့ သတင်းပေးပို့ အကူအညီများရယူရန်။
- အရေးပေါ်ကာလအတွင်း လိုအပ်သောပံ့ပိုးကူညီမှုများ အဆက်မပြတ်ရရှိနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဘေးကင်းလွတ်သောဒေသများမှ ပံ့ပိုးကူညီပေးနိုင်သော အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အရေးပေါ်ဆက်သွယ်ကာ လိုအပ်သော အကူအညီများ ရယူရန်။

| ဘေးကျရောက်ပြီး |
| --- |
| • ပျက်စီးဆုံးရှုံးမှုသတင်းများကို အထက်အဖွဲ့အစည်းများသို့ သတင်းပေးရန်။ |
| • စစ်တမ်းကောက်ယူရေးအဖွဲ့မှရရှိသော အချက်အလက်များကို သတင်းပြန်ကြားရန်။ |
| • သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်။ |
| • ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ထုတ်ပြန်ကြေညာရန်။ |
| • သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်ရန်။ |
| • အခြားလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းပါဝင်ကူညီပေးရန်။ |
| • အဆက်မပြတ်သတင်းများ ပြန်ကြားပေးရန်။ |
| • မီးဘေးသင့်သူများ၏စာရင်းများကို စုစည်း၍သက်ဆိုင်ရာသို့ တင်ပြပြီး လိုအပ်သောအကူအညီများ ရယူရန်။ |
| • ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများဖြန့်ဝေသော သတင်းအချက်အလက်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှရယူပြီး သတင်းထုတ်ပြန်ရန်။ |
| • မီးဘေးထပ်မံ ဖြစ်ပွားမှုများမရှိစေရန် မှတ်တမ်းတင်ဟောပြောပွဲများ၊ ဓာတ်တိုက်လေ့ကျင့်မှုများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းပြုလုပ်ရန်။ |
| • နောက်ဆုံးရရှိသော သတင်းများအား အချိန်နှင့်တပြေးညီရယူပြီး ဘေးသင့်ရာနေရာများသို့ ထုတ်ပြန်ပေးရန်။ |
| • ကွဲကွာသွားသောမိသားစုများ ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ပေးရန်။ |
| • မီးဘေးသင့်ပြီးနောက် ပျက်စီးသွားသော ဆက်သွယ်ရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်စေရန် လိုအပ်သော ပြန်လည်ပြုပြင်ခြင်းများ ပြုလုပ်ပေးရန်။ |
| • မီးဘေးသင့်ပြည်သူများအား အရေးပေါ်ရွှေ့ပြောင်းရာတွင် ဆက်သွယ်ရေးဆိုင်ရာ လိုအပ်သော ပံ့ပိုးမှုများပေးရန်။ |
| • တန်းတူညီမျှ အခွင့်အရေးရရှိရေး စနစ်တကျ ပြုလုပ်ပေးရန်။ |
| • ဘေးသင့်သူများ စိတ်အပန်းဖြေစေရေး ဖျော်ဖြေရေးအစီအစဉ်များ ပြုလုပ်ပေးရန်။ |

## ၂။ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

| ဘေးမကျရောက်မီ |
| --- |
| • အရေးပေါ်ကယ်ဆယ်ရေး အထောက်အကူပစ္စည်းများ ကြိုတင်စုဆောင်းထားရန်၊ (ရေ၊ ဆေးဝါး၊ အစားအစာ၊ ယာဉ် စသည်) |
| • အန္တရာယ်ကျရောက်နိုင်သည့် ဒေသများအား ကြိုတင်လေ့လာဆန်းစစ်ထားရန်။ |
| • တစ်အိမ်တက် တစ်အိမ်ဆင်း မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးမှုပြုလုပ်ရန်။ |
| • စက်ရုံ၊ အလုပ်ရုံများ၊ အဆောက်အဦများအား မီးဘေးကြိုတင်ကာကွယ်မှုနှင့် ခံနိုင်ရည်စွမ်းရည်များ ရှိ၊ မရှိ စစ်ဆေးရန်။ |
| • မီးသတ်ပညာ၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးပညာရပ်များအတွက် မွမ်းမံသင်တန်းနှင့် ဆင့်ပွားသင်တန်းများပေးရန်။ |
| • မိုးမပြတ်ရွာသွန်းပါက ဆည်နှင့် ကန်များတွင် ရေကင်းများချထားရန်။ |
| • ရပ်၊ ကျေး မီးသတ်အုတ်ရေလှောင်ကန်များ ရေအပြည့်ရှိစေရေး ဆောင်ရွက်ရန်။ |

- ပွင့်လင်းရာသီများတွင် ရပ်ကွက်၊ ကျေးရွာများ၌ မီးကင်းများ ချထားရန်။
- သဘာဝဘေးအန္တရာယ်သတင်းများ ရရှိပါက ကြိုတင်အသိပေးဆော်ဩရန်။
- ဝေးလံခေါင်ဖျားသော ဒေသများတွင် အပေါ့စားမီးသတ်စက်များရရှိစေရေး ဆောင်ရွက်ရန်။
- မီးဘေးနှင့်ပတ်သက်သော ရှာဖွေကယ်ဆယ်ရေးသင်တန်းများပြုလုပ်ပြီး အားလုံးပူးပေါင်း ပါဝင်သော ဇာတ်တိုက် လေ့ကျင့်ခန်း ပြုလုပ်ရန်။
- မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် မီးဘေးကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင် မည့် အဖွဲ့ဝင်များ၏အင်အားကို စာရင်းပြုစုထားရန်။
- မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် မီးသတ်ဦးစီးဌာနနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ပြည်သူများ သိရှိစေရန် အသိပေးဆောင်ရွက်ထားရှိရန်။

| ဘေးကျရောက်စဉ် |
| --- |

- သက်ကြီးရွယ်အို၊ ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်မိခင်နှင့် မသန်စွမ်းသူများ ထိခိုက်ဒဏ်ရာရသူများအား ဦးစား ပေးကယ်ဆယ်ခြင်း၊ ဆေးရုံဆေးခန်းပို့ခြင်း၊ ဘေးလွတ်ရာသို့ ပို့ဆောင်ရန်။
- ပျောက်ဆုံးနေသောသူများကို ရှာဖွေပြီး ဘေးအန္တရာယ်မှ လွတ်မြောက်ရေးအကူအညီပေးရန်။
- အဆောက်အဦဟောင်းများ၊ ပျက်စီးလွယ်သည့် အဆောက်အဦများတွင် နေထိုင်ကြသူများကို အမြန်ဆုံးသွား ရောက်ကူညီရန်။
- အရေးပေါ်အခြေအနေကြုံနေသည့် လူ၊ ပုဂ္ဂိုလ်များအား ကူညီဆောင်ရွက်ပေးရန်။
- သဘာဝဘေးအန္တရာယ်ကျရောက်နေစဉ် အသက်အန္တရာယ်ကြုံတွေ့နိုင်သည့် အခြေအနေရောက်ရှိပါက အုပ်စုဖွဲ့၍ ကူညီဆောင်ရွက်ရန်။
- လက်ရှိကြုံတွေ့နေရသော အခြေအနေများကို အထက်အဖွဲ့အစည်းသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြသတင်းပို့ရန်။
- ကယ်ဆယ်ရေးအထောက်အကူပြု အခြားလုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။
- အချိန်နှင့်တစ်ပြေးညီ မီးငြိမ်းသတ်ရေး ဆောင်ရွက်ရန်။
- ရေရရှိရန် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း တစ်ဆက်တည်းဆောင်ရွက်ရန်။
- ရေလွှမ်းမိုးခြင်း၊ လမ်းများရေကျော်ခြင်းများဖြစ်ပွားပါက မီးသတ်ရေစုပ်စက်များဖြင့် စုပ်ယူပေးရန်။
- ရေကြီး၊ ရေလျှံခြင်းများဖြစ်ပွားပါက အသက်ကယ်စက်လှေများ၊ Life Jacket များ အချိန်နှင့်တစ်ပြေးညီ အသုံးပြု နိုင်ရေး လုပ်ဆောင်ရန်။
- ရေရှားပါးသော ဒေသများသို့ သုံးရေ၊ သောက်ရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်ရန်။
- ဆည်နှင့် ကန်များရေလျှံပါက တာဘောင်များ ဖို့ပေးရန်။
- မီးဘေးဖြစ်ပွားပါက အနီးအနားရှိ မီးလောင်လွယ်ပစ္စည်းများကို ဘေးဖြစ်ပွားရာနေရာနှင့်ဝေးရာ၊ လွတ်ကင်းရာ သို့ ပြောင်းရွှေ့ရန်။
- လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကို အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။
- သတင်းအချက်အလက်နှင့် စာရင်းပြုစုရန်။

- သတင်းဆက်သွယ်ရေးနှင့်ပြန်ကြားရေးလုပ်ငန်းကော်မတီမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေးအတွက် ရရှိလာသည့် သတင်းအချက်အလတ်များ ပံ့ပိုးပေးရန်။

| ဘေးကျရောက်ပြီး |
| --- |
| • ဘေးအန္တရာယ်ကြုံတွေ့သောသူများအား လိုအပ်သည့် ဝန်ဆောင်မှုများရရှိနိုင်ရန် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။ |
| • သေဆုံး၊ ပျောက်ဆုံးသူများ ရှိ၊ မရှိ ပြန်လည်စိစစ်ရှာဖွေ စာရင်းပြုစုရန်။ |
| • မီးဘေးဖြစ်ပွားပြီးပါက ဆုံးရှုံးမှုများ ခန့်မှန်းတန်ဖိုးတွက်ချက်ပေးရန်။ |
| • မီးလောင်ပြင်အား ရှင်းလင်းခုတ်ထွင်ပေးရန်။ |
| • ရေလွှမ်းခံရသော ဒေသများကို ရှင်းလင်းပေးရန်။ |
| • ဒဏ်ရာရသူများအား လူနာတင်ယာဉ်ဖြင့် သက်ဆိုင်ရာဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်ပေးရန်။ |
| • ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်များကို ပြန်လည်သုံးသပ်ရန်နှင့် ပညာပေးရန်။ |
| • ဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးရာတွင် ကူညီရန်။ |
| • ဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်။ |
| • မိသားစုနှင့်ကွဲကွာနေသော မီးဘေးသင့်ပြည်သူများအား စိတ်ပိုင်းဆိုင်ရာမြှင့်တင်မှုများနှင့် မိသားစုများ ပြန်လည်ပေါင်းစည်းနိုင်ရေး ဆောင်ရွက်ရန်။ |
| • မီးဘေးသင့်ပြည်သူများအား ဘေးလွတ်ရာနေရာများမှ ဘေးကင်းသွားပြီးနောက် မိမိတို့နေရပ်သို့ပြန်သွားရန် ကူညီပေး ဆောင်ရွက်ပေးခြင်း။ |
| • ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များအား စိတ်ဓာတ်မြှင့်တင်ခြင်း၊ အားပေးဆွေးနွေးခြင်းများ ပြုလုပ်ပေးရန်။ |
| • ကယ်ဆယ်ရေးအထောက်အပံ့များပေးခြင်း၊ ရိက္ခာထောက်ပံ့ခြင်း လုပ်ငန်းဆောင်ရွက်မှုများကို မှတ်တမ်းပြုစုပြီး အထက်သို့တင်ပြကာ လမ်းညွှန်မှုခံယူရန်။ |

## ၃။ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

| ဘေးမကျရောက်မီ |
| --- |
| • မော်တော်ယာဉ်များကို ကြိုတင်ဆက်သွယ်ထားရန်။ |
| • လမ်းကြောင်းရှင်းရေး၊ ပို့ဆောင်ရေးအတွက် လုပ်သားများ၊ လျှပ်စစ်၊ ဖုန်းဝန်ထမ်းများကို ကြိုတင်စီစဉ်ထားရန်။ |
| • လမ်းကြောင်းရှင်းလင်းရေးအတွက် ဓား၊ ပေါက်ဆိန်၊ ကြိုး၊တူ၊ ချိတ်၊ ရိုက်သံ၊ လွှများ စုဆောင်းထားရန်။ |
| • ရှင်းလင်းရေးကိရိယာများ ဝယ်ယူရေး ရန်ပုံငွေခန့်မှန်းတွက်ချက်ထားရန်။ |
| • လမ်းကြောင်းရှင်းလင်းရေးမှ ထွက်ရှိလာသော သစ်တုံး၊ သစ်ကိုင်း၊ အမှိုက်သရိုက်များကို စနစ်တကျထားရှိရေးအတွက် နေရာသတ်မှတ်ထားရန်။ |

- ဘေးအန္တရာယ်ကျရောက်မည့် သတင်းရသည်နှင့် သက်ကြီးရွက်အို၊ ကိုယ်ဝန်ဆောင်မိခင်၊ ကလေးသူငယ်၊ မကျန်းမာသူ၊ ရဟန်းသံဃာများကို ဘေးလွတ်မည့်နေရာသို့ ပို့ဆောင်ရန်။
- လမ်းကြောင်းရှင်းလင်းရေးအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများ၏ စာရင်းအားသက်ဆိုင်ရာဌာနဆိုင်ရာများ (ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ)မှ ပံ့ပိုးကူညီမှုရယူရန်။
- ဒေသတွင်းရှိ ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ ပို့ဆောင်ရေးတွင် အသုံးပြုနိုင်သော ယာဉ် (ကုန်း၊ ရေ) များ၏ စာရင်းကို ရယူထားရန်။
- မီးဘေးအန္တရာယ် ကြုံတွေ့လာပါက ဘေးသင့်ပြည်သူများကို ဘေးလွတ်ရာသို့ အမြန်ဆုံးပို့ဆောင်နိုင်ရေးအတွက် လမ်းကြောင်းများအား အဆက်မပြတ် ရှင်းလင်းထားရန်။
- ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းတွင် အသုံးပြုမည့် လိုအပ်သည့် ယာဉ်နှင့်စက်သုံးဆီများကို ကော်မတီသို့တင်ပြပြီး စီစဉ်ဆောင်ရွက်ရန်။

**ဘေးကျရောက်စဉ်**

- မော်တော်ယာဉ်၊ ရေယာဉ်များကို သတ်မှတ်နေရာသို့ ချက်ချင်းခေါ်ယူရန်။
- လဲကျသစ်ပင်၊ သစ်ခက်များကို ရှင်းလင်းရေးကိရိယာများဖြင့် လုပ်သားအကူအညီဖြင့် ရှင်းလင်းရန်။
- ပြုတ်ကျ၊ ပိုင်းပြတ်နေသော လျှပ်စစ်မီးကြိုး၊ ဖုန်းကြိုးများကို သက်ဆိုင်ရာဝန်ထမ်းများဖြင့် ရှင်းလင်းရန်။
- ရှင်းလင်းစဉ်ထွက်ရှိလာသော သစ်တုံး၊ သစ်ခက်၊ အမှိုက်သရိုက်များကို သတ်မှတ်နေရာသို့ ပို့ဆောင်စုပုံထားရန်။
- ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံသို့ ချက်ချင်းပို့ဆောင်ပေးရန်။
- ဖြစ်ပွားရာဒေသလမ်းခရီးလိုအပ်ချက် (ကုန်းလမ်းကြောင်း၊ လမ်းကျဉ်း၊ လမ်းကျယ်) လမ်းကြောင်းရှင်းလင်းရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန်။
- ချိတ်ဆက်လာသော လုပ်ငန်းကော်မတီများ၏ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန်။
- မီးဘေးသင့်ပြည်သူများကို ဘေးလွတ်ရာသို့လျင်မြန်စွာရွှေ့ပြောင်းနိုင်ရန် ယာဉ်များစီစဉ်ပေးခြင်းနှင့် ၎င်းတို့၏ လုံခြုံရေးအတွက် လုံခြုံရေးလုပ်ငန်းကော်မတီနှင့်ချိတ်ဆက် ဆောင်ရွက်ရန်။
- မီးဘေးကြောင့်ထိခိုက်ဒဏ်ရာရသူများကို အရေးပေါ်ဆေးရုံသို့ ပို့ဆောင်ပေးရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် လိုအပ်သောယာဉ်များ စီစဉ်ပေးရန်။

**ဘေးကျရောက်ပြီး**

- လဲကျသစ်ပင်၊ သစ်ခက်များကို ကိရိယာ၊ လုပ်သားများဖြင့် အပြီးသတ်ရှင်းလင်း၍ သတ်မှတ်နေရာသို့ ပို့ဆောင်ရန်။
- မကျန်းမာသူ၊ သက်ကြီးရွယ်အို၊ ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်မိခင်၊ သံဃာများကို ကောင်းမွန်နေသော နေအိမ်များသို့ ပြန်လည်ပို့ဆောင်ရန်။
- နေအိမ်ပျက်စီးသွားသော ဘေးသင့်သူများအား သတ်မှတ်ခိုလှုံရာစခန်းသို့ ပို့ဆောင်ပေးရန်။
- ဘေးသင့်သူများအတွက် ရိက္ခာ၊ သောက်သုံးရေများ ပို့ဆောင်ပေးရန်။
- ခိုလှုံရာစခန်းတည်ဆောက်ရေးတွင် လိုအပ်သော သစ်၊ ဝါး၊ ဓနိ၊ သွပ်စသည်နှင့် ရွက်ဖျဉ်တဲများကို သတ်မှတ်နေရာသို့ ပို့ဆောင်ရန်။

- ပစ္စည်းကိရိယာ ဝယ်ယူစုဆောင်းသည့် စရိတ်များကို ကော်မတီသို့ တင်ပြသွားရန်။
- မီးဘေးကျရောက်၍ ပိတ်ဆို့နေသောလမ်းများကို အမြန်ဆုံးလမ်းကြောင်း ရှင်းလင်းပေးရန်။
- သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၏ သွားလာပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များကို အထိရောက်ဆုံးနှင့် အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ရန်။
- မီးဘေးသင့်ပြည်သူများကို ခိုလှုံနေရာသို့ ပို့ဆောင်ပေးရန်၊ ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပေးနိုင်ရန်နှင့် ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံဆေးပေးခန်းများသို့ ပို့ဆောင်ပေးရန်နှင့် မိသားစုပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများအတွက် လိုအပ်သောယာဥ်များ ပံ့ပိုးပေးရန်။
- ပျက်စီးသွားသောလမ်း၊ တံတားများ အမြန်ဆုံး ပြုပြင်နိုင်ရန်အတွက် လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများ ပို့ဆောင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်။

## ၄။ ကနဦးလိုအပ်ချက်များ စစ်တမ်းကောက်ယူခြင်းလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

**ဘေးမကျရောက်မီ**

- ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ အားဆက်သွယ်နိုင်ရန် ဖုန်းနံပါတ်များ စာရင်းပြုစုထားရန်။
- စစ်တမ်းကောက်ယူမှု ပုံစံများပြုစုထားရန်နှင့် ကောက်ယူမှုကို အစမ်းလေ့ကျင့်ထားရန်။
- သက်ဆိုင်ရာ ဌာနအသီးသီး၏ ရပ်ကွက်၊ ကျေးရွာအလိုက် စာရင်းဇယားများအား ကောက်ယူစုစည်းထားရှိရန်။
- သဘာဝဘေးအန္တရာယ်မကျရောက်မီ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအလိုက် လူဦးရေ (ကျား၊ မ၊ ကလေး၊ အသက်အုပ်စုအလိုက်) အခြေခံအဆောက်အဦများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်ကောင်ရေ၊ လေ့သမ္မာန်စီးရေစသည့် စာရင်းများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရယူ စာရင်းပြုစုထားရန်နှင့် သတ်မှတ်ထားသော ကာလအပိုင်းအခြားအလိုက် ပြောင်းလဲမှုကို မှတ်တမ်းတင်ရန်။
- မီးဘေးဖြစ်ပေါ်ခဲ့သော သမိုင်းကြောင်းအလိုက် ပျက်စီးဆုံးရှုံးမှုများကို စာရင်းပြုစုထားရန်။
- မီးဘေးကျရောက်ပါက ပျက်စီးဆုံးရှုံးမှု ပိုမိုဖြစ်ပွားနိုင်သော စက်ရုံများ၊ အလုပ်ရုံများကို စာရင်းပြုစုပြီး ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ ပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ရန် သတင်းဆက်သွယ်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီသို့ စာရင်းပေးပို့ထားရန်။

**ဘေးကျရောက်စဉ်**

- ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များအား အဆင်သင့်ဖြစ်စေရန် ဆော်သြထားရန်။
- ခန့်မှန်းစာရင်းများအား အချိန်နှင့်တစ်ပြေးညီ စုဆောင်းထားရှိရန်။
- အခြားလုပ်ငန်းကော်မတီများမှ တောင်းခံလာသော အချက်အလက်များအား လိုအပ်သလို ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်။
- လိုအပ်သော ထောက်ပံ့ရေးပစ္စည်း ခန့်မှန်းစာရင်းကို အချိန်နှင့်တစ်ပြေးညီ စုဆောင်းထားရှိရန်။
- သတင်းဆက်သွယ်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီမှ သတင်းထုတ်ပြန်နိုင်ရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်ပံ့ပိုးရန်။

- အခြားသောလုပ်ငန်းကော်မတီများ (ရှာဖွေရေးနှင့်ကယ်ဆယ်ရေး) နှင့် ချိတ်ဆက်ကာ ပျက်စီးဆုံးရှုံးမှုစာရင်းများကို ရနိုင်သလောက် စာရင်းပြုစုကာ စီမံခန့်ခွဲမှုကော်မတီသို့တင်ပြရန်။

| ဘေးကျရောက်ပြီး |
|---|
| • ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက်လိုအပ်ချက်များ ခန့်မှန်းအတည်ပြုရန်။ |
| • လယ်ယာများ၊ သောက်သုံးရေကန်များ ပျက်စီးဆုံးရှုံးမှုများအား မှတ်တမ်းတင်ရန်။ |
| • အခြားသောလုပ်ငန်းကော်မတီများ (ရှာဖွေရေးနှင့် ကယ်ဆယ်ရေး) နှင့်ချိတ်ဆက်ကာ ပျက်စီးဆုံးရှုံးမှုစာရင်းများကို ရနိုင်သလောက် စာရင်းပြုစုကာ စီမံခန့်ခွဲမှုကော်မတီသို့တင်ပြရန်။ |
| • သတင်းဆက်သွယ်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီမှ သတင်းထုတ်ပြန်နိုင်ရေးအတွက် လိုအပ်သည့်သတင်းအချက်အလက် ပံ့ပိုးရန်။ |
| • ဘေးဖြစ်ပြီးနောက် ရှေ့လုပ်ငန်းစဉ်များ လုပ်ဆောင်ရန်အတွက် ကော်မတီသို့ လိုအပ်ချက်စစ်တမ်းအား တင်ပြရန်။ |
| • ဘာသာရေးဆိုင်ရာ အဆောက်အအုံ ပျက်စီးဆုံးရှုံးမှု စာရင်းပြုစုရန်။ |
| • လူဦးရေ စာရင်း၊ ထိခိုက်ဒဏ်ရာနှင့် သေဆုံးသူစာရင်း၊ ပျောက်ဆုံးသူစာရင်းများ၊ ပျက်စီးဆုံးရှုံးသွားသော လယ်မြေ၊ ယာမြေများ၊ လူနေအိမ်နှင့် အခြားအဆောက်အဦများ ပျက်စီးဆုံးရှုံးမှုစာရင်းအား စာရင်းကောက်ယူရန်။ |
| • ကျွဲ၊ နွား၊ တိရစ္ဆာန် သေဆုံး၊ ပျောက်ဆုံးမှုစာရင်းကောက်ယူရန်။ |
| • ပျက်စီးဆုံးရှုံးမှုစာရင်းအမျိုးမျိုး၏ မြေပြင်အခြေအနေအား ကွင်းဆင်းကောက်ယူရန်။ |
| • အထက်မှတောင်းခံလာသော စာရင်းဇယားများပြုစု၍ ဆုံးရှုံးမှုပမာဏများစိစစ်၊ အတည်ပြု ပြုစုပေးရန်။ |
| • အထက်ပါ ပြုစုပြီးစာရင်းများအား အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ တင်ပြ၍အတည်ပြုချက်ရယူရန်။ |
| • ပျက်စီးဆုံးရှုံးမှုများအတွက် လိုအပ်သော ကူညီထောက်ပံ့မှုများ ဖြည့်ဆည်းပေးနိုင်ရေးတင်ပြ ဆောင်ရွက်ရန်။ လိုအပ်သည့် စာရင်းများ ပြန်လည်ပြုစုပေးရန်။ |
| • ရရှိလာသည့် ထောက်ပံ့ရေးပစ္စည်းများအား စနစ်တကျ လက်ဝယ်အရောက် ကူညီထောက်ပံ့ရန်။ |
| • ပျက်စီးဆုံးရှုံးခဲ့သော ဌာနဆိုင်ရာအဆောက်အဦများ၊ လူနေအဆောက်အဦများ၊ ဘာသာရေး အဆောက်အဦများ၊ အများပိုင်အဆောက်အဦများ၊ သေဆုံးသွားသော လူ၊ တိရစ္ဆာန် အစရှိသော စာရင်းများ ပြုစုထားရှိရန်။ |
| • စီးပွားရေးလုပ်ငန်းတစ်မျိုးချင်းအလိုက် ပျက်စီးဆုံးရှုံးမှုကို အသေးစိတ်ပြုစုထားရန်။ |
| • စာရင်း၊ ဇယား၊ ကိန်းဂဏန်းများ ရရှိရေးအတွက် ဌာနဆိုင်ရာများ၊ အခြား လုပ်ငန်းကော်မတီများနှင့်လိုအပ်သလို စိစစ်၊ အတည်ပြု၊ ညှိနှိုင်းဆောင်ရွက်ရန်။ |
| • ပျက်စီးဆုံးရှုံးမှုစာရင်းများကို အခြားလုပ်ငန်းကော်မတီများနှင့် စီမံခန့်ခွဲမှုကော်မတီသို့ ပေးပို့ရန်။ |

## ၅။ ထောက်ပံ့ပစ္စည်းများ ဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

| ဘေးမကျရောက်မီ |
| --- |
| • ထောက်ပံ့ပစ္စည်းများ အချိန်မီဖြန့်ဖြူးနိုင်ရန် သယ်ယူပို့ဆောင်ရေးယာဉ်များအတွက် လိုအပ်သောစက်သုံးဆီများ စုဆောင်းထားရန်။ |
| • ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီနှင့် ချိတ်ဆက်လုပ်ဆောင်ရန်။ |
| • သက်ဆိုင်ရာထောက်ပံ့ရေးအဖွဲ့များမှ ထောက်ပံ့သော ပစ္စည်းဝင်၊ ထွက်စာရင်းပုံစံများ ပြင်ဆင်ထားရှိရန်၊ လက်ခံဖြန့်ဝေပုံစနစ်ကို ကြိုတင်ညှိနှိုင်းပြင်ဆင်ထားရန်။ |
| • ထောက်ပံ့ပစ္စည်းများဖြန့်ဖြူးရာတွင် ကြန့်ကြာမှုမရှိစေရန် လွယ်ကူစွာသွားလာနိုင်မည့် လမ်းကြောင်းများကို ဖော်ထုတ်ပြုစုထားရန်။ |
| • လူတစ်ဦးချင်းအလိုက် လိုအပ်သော အခြေခံလိုအပ်ချက်များဖြစ်သည့် အစားအစာနှင့် အသုံးအဆောင်များ စာရင်းပြုစုထားရန်။ |
| • ထောက်ပံ့ရေးပစ္စည်းများခွဲဝေရာတွင် ပျက်စီးဆုံးရှုံးမှုအလိုက်အဆင့်များ ကြိုတင်သတ်မှတ်ထားရန်။ |

| ဘေးကျရောက်စဉ် |
| --- |
| • သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်ပြီး ထောက်ပံ့ပစ္စည်းများထုတ်ပေးရန်၊ စနစ်တကျဆောင်ရွက်ရန်။ |
| • ဘေးဖြစ်ပွားရာနေရာသို့ လိုအပ်သည့်ထောက်ပံ့ပစ္စည်းများ အချိန်မီရောက်ရှိအောင် ဆောင်ရွက်ရန်။ |

| ဘေးကျရောက်ပြီး |
| --- |
| • ကနဦးဆန်းစစ်ချက်မှ ဖော်ထုတ်သော လိုအပ်ချက်ပေါ်မူတည်ကာ ထောက်ပံ့ပစ္စည်းများအား စနစ်တကျ လက်ဝယ်အရောက် ဖြန့်ဖြူးပေးရန်။ |
| • ကောက်ယူထားသော ဘေးထိခိုက်လွယ်အုပ်စုများကို ဦးစားပေးအနေဖြင့် ထောက်ပံ့ပစ္စည်းများပံ့ပိုးရန်။ |
| • ထောက်ပံ့၊ ကယ်ဆယ်ရေးပစ္စည်းများနှင့်ပတ်သက်၍ ထုတ်ပေးမှုစာရင်းဇယားများ စနစ်တကျ ပြုစုရန်။ |
| • ထောက်ပံ့ပစ္စည်းများဖြန့်ဖြူးရာတွင် ကြုံတွေ့ခဲ့ရသော အခက်အခဲ၊ အောင်မြင်မှု၊ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ကာ မှတ်တမ်းပြုစုပြီး စီမံခန့်ခွဲမှုကော်မတီသို့တင်ပြရန်။ |
| • ထောက်ပံ့ပစ္စည်းများ လေလွင့်မှုမရှိစေရေးအတွက် စနစ်တကျကြီးကြပ်ပြီး ဘေးသင့်သူများထံသို့ လက်ဝယ်အရောက် ကူညီပံ့ပိုးရန်။ |
| • ထောက်ပံ့လိုက်သော ပစ္စည်းများကို မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းထားရှိရန်။ |

## ၆။ ဘဏ္ဍာငွေရှာဖွေရေးနှင့် ထောက်ပံ့ပစ္စည်းများ လက်ခံရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

| ဘေးမကျရောက်မီ |
| --- |
| • ငွေကြေးနှင့်ထောက်ပံ့ရေး ပစ္စည်းများရရှိရေးအတွက် ပြည်သူလူထုအတွင်း နှိုးဆော်ခြင်း၊ အလှူခံဌာနများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရေးဆိုင်ရာ ငွေကြေးပစ္စည်းများ စနစ်တကျထိန်းသိမ်းရန်။ |
| • ရရှိငွေကြေးပစ္စည်းများကို စာရင်းမှတ်တမ်းများဖြင့် စနစ်တကျ တိကျမှန်ကန်စွာ စာရင်းပြုစုရန်။ |

- လက်ခံရရှိသည့် ငွေကြေးပစ္စည်းများနှင့် စပ်လျဉ်း၍ ငွေသားရငွေများကို စာရင်းရှင်စာရင်းတစ်ခုဖွင့်လှစ်၍ နေ့စဉ်အပ်နှံသွားရန်။
- လက်ခံရရှိသည့် ကယ်ဆယ်ရေးပစ္စည်းများကို စနစ်တကျထိန်းသိမ်းရန်၊ ပစ္စည်း၏အရည်အသွေးနှင့် အရည်အချင်းဆိုင်ရာ အချက်အလက်များကို စိစစ်ပိုင်းဖြတ်ရန်။
- ပစ္စည်းဝယ်ယူရေးအဖွဲ့အား ကြိုတင်ဖွဲ့စည်းထားရှိရန်။
- ရန်ပုံငွေများကိုသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့် ကိုက်ညီစေရေးအတွက် လိုအပ်သည်များကို ကြိုတင်စီစဉ်ထားရှိရန်။
- ပစ္စည်းဝယ်ယူထားရှိမှု၊ ထုတ်ယူသုံးစွဲမှုနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီသို့ လွှဲပြောင်းပေးအပ်မှုနှင့် လက်ကျန်စာရင်းများအတွက် စာရင်းဇယားများ၊ ပစ္စည်းထုတ်ပေးမှု ပုံစံများ သတ်မှတ်ထားရှိရန်။
- ရန်ပုံငွေရရှိမည့်နည်းလမ်းများကို ရှာဖွေ၍ စနစ်တကျ စုဆောင်းထားရန်။
- ထောက်ပံ့ရေးပစ္စည်းများရရှိ/ဝယ်ယူနိုင်မည့် အရင်းအမြစ်များကို ကြိုတင်ရှာဖွေထားရန်။
- သဘာဝဘေးကျရောက်မည့် သတင်းရရှိသည့်အချိန်မှစ၍ အမှန်တကယ်လိုအပ်သော ထောက်ပံ့ရေးပစ္စည်းများကို အနည်းဆုံး ကုန်ကျမည့်ဈေးနှုန်းဖြင့် ရန်ပုံငွေတောင်းခံ ဝယ်ယူစုဆောင်းထားရန်။

**ဘေးကျရောက်စဉ်**

- လက်ခံရရှိသည့် ငွေကြေးနှင့်ပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ရန်။
- လက်ခံရရှိသည့် ငွေကြေးပစ္စည်းများကို ထောက်ပံ့ပစ္စည်းများဖြန့်ဖြူးရေးကော်မတီသို့ စနစ်တကျလွှဲပြောင်းအပ်နှံရန်။
- မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ဘဏ္ဍာငွေရရှိရေး စီမံဆောင်ရွက်ရန် ရရှိလာသော ရန်ပုံငွေများကို ခရိုင်သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ရန်။
- အလှူရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများကို ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြ၍ လမ်းညွှန်မှုအရ ငွေစာရင်းဖွင့်ဆောင်ရွက်ရန်။
- သဘာဝဘေးအန္တရာယ် မကျရောက်မီ လိုအပ်သည့် အစားအစာ၊ ရေနှင့်ရိက္ခာများ၊ ကယ်ဆယ်ရေးသုံးပစ္စည်းများကို ကြိုတင်အသင့် ဝယ်ယူစုဆောင်းထားရှိရန်။
- သဘာဝဘေးစီမံခန့်ခွဲမှုအတွက် လိုအပ်သောပစ္စည်းများ၊ ဝယ်ယူစုဆောင်းထားသော ပစ္စည်းများအား သက်ဆိုင်သည့် လုပ်ငန်းကော်မတီများသို့ စာရင်းဇယားများဖြင့် စနစ်တကျ လွှဲပြောင်းပေးရန်။
- သဘာဝဘေးစီမံခန့်ခွဲမှုအတွက် လိုအပ်သောပစ္စည်းများဝယ်ယူရာတွင် လုပ်ငန်း၏ အရေးပါမှုအလိုက် အလိုအပ်ဆုံးပစ္စည်းများကို ဦးစားပေးဝယ်ယူရေးဆောင်ရွက်ရန်။
- သဘာဝဘေးစီမံခန့်ခွဲမှုအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူရန် ငွေကြေးသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲရမည့်အပြင် ဘဏ္ဍာငွေ ရှာဖွေရေးနှင့် ထောက်ပံ့ပစ္စည်းများ လက်ခံရေးလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းပေါင်းစပ်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်ရန်။
- ဝယ်ယူသည့်ပစ္စည်းများ အရည်အသွေးပြည့်မီရေး၊ အမျိုးအစားကောင်းမွန်ရေး၊ ဈေးနှုန်းမှန်ကန်ရေး စသည်တို့ကို ကြီးကြပ်ကွပ်ကဲရန်။

| |
|---|
| • လိုအပ်သည့် ပစ္စည်းများကို ဝယ်ယူပြီးနောက် အစီရင်ခံစာပြုစု၍ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်။<br>• ဝယ်ယူသည့်ပစ္စည်းများနှင့် သက်ဆိုင်သောဆိုင်ပိုင်ရှင်များမှ တင်ပြလာသောဈေးနှုန်းများအား စီမံခန့်ခွဲမှုအဖွဲ့မှအစည်းအဝေးပြုလုပ်ပြီး ဈေးနှုန်းစိစစ်မှုများပြုလုပ်၍ စနစ်တကျဆောင်ရွက်ရန်။<br>• ပစ္စည်းများဝယ်ယူသည့်အခါ လုပ်ငန်းကော်မတီဥက္ကဋ္ဌမှ တာဝန်ပေးအပ်သော အဖွဲ့ဝင်ငါးဦးဖြင့် ဝယ်ယူရေး ဆောင်ရွက်ရန်။<br>• မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်နှင့် ညွှန်ကြားချက်များ၊ လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • ငွေကြေးပစ္စည်းများဆုံးရှုံးမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက စီမံခန့်ခွဲမှုကော်မတီသို့ ချက်ချင်းသတင်းပို့ရန်။<br>• ရရှိလာသော ရန်ပုံငွေများကို ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ဆုံးဖြတ်ချက် ဖြင့်ဆောင်ရွက်ရန် လျာထားသုံးစွဲရန်။<br>• တင်ပြထားသောရန်ပုံငွေများကို ချက်ခြင်းသုံးစွဲနိုင်ရေးဆောင်ရွက်ရန်။<br>• ထပ်မံလိုအပ်သော ရန်ပုံငွေများကို အထက်သို့ တောင်းခံရန်။<br>• ရန်ပုံငွေများကိုသုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်ကိုက်ညီစေရေးအတွက် ကြပ်မတ်ကွပ်ကဲသွားရန်။<br>• မြို့နယ်စာရင်းစစ်ချုပ်ရုံး၏ အကြံပြုချက်နှင့်အညီ ငွေစာရင်းများကို စနစ်တကျရှိစေရေးဆောင်ရွက်ရန်။<br>• ခရိုင်သဘာဝ အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ အတည်ပြုချက်ရရှိပြီးသော အသုံးစရိတ်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများသို့ အမြန်ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြဆောင်ရွက်ရန်။<br>• လှူဒါန်းရရှိမှုနှင့် သုံးစွဲမှုစာရင်းများအား ခရိုင်သို့ အချိန်နှင့်တစ်ပြေးညီတင်ပြရန်။<br>• စီမံခန့်ခွဲမှုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ဘဏ္ဍာငွေရရှိရေး စီမံဆောင်ရွက်ရန်။<br>• အခြားလုပ်ငန်းကော်မတီများမှ တောင်းခံလာသော အကူအညီများကို လိုအပ်သလိုပံ့ပိုးမှုများပေးရန်။<br>• စီမံခန့်ခွဲမှုကော်မတီမှ ထပ်မံဖြည့်တင်းရန် လိုအပ်သည်ဟု ဆုံးဖြတ်သောအရေးပေါ် သောက်ရေ၊ ရိက္ခာ၊ ဆေးဝါး စသည်တို့ကို ဝယ်ယူရေးအတွက်ဆောင်ရွက်ရန်။<br>• ပစ္စည်းဝယ်ယူမှု၊ ထုတ်ယူသုံးစွဲမှု အစရှိသောစာရင်းများကို စနစ်တကျမှတ်တမ်းပြုစုရန်နှင့် စီမံခန့်ခွဲမှုကော်မတီသို့ အစီရင်ခံစာတင်ပြီး လိုအပ်ချက်များကို ပြန်လည်သုံးသပ်ပြင်ဆင်ရန်။ |

## ၇။ ပြန်လည်ထူထောင်ရေးနှင့် ဆုံးရှုံးမှုတန်ဖိုးစိစစ်ရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

| ဘေးမကျရောက်မီ |
|---|
| • သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မသန်စွမ်းသူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရာချထားပေးရန်။ |
| • စားနပ်ရိက္ခာများ၊ ရေသန့်ဘူးများ ကြိုတင်စုဆောင်းထားရန်။ |
| • အဝတ်အထည်များနှင့် လူအသုံးအဆောင်များအား ကြိုတင်ပြင်ဆင် စုဆောင်းထားရန်။ |
| • ဓာတ်မီး၊ အရေးတကြီးဆက်သွယ်ရန် ဖုန်းနံပါတ်များ၊ ဆေးဝါးများ ကြိုတင်ထုပ်ပိုးထားရန်။ |
| • မိမိမြို့နယ်အတွင်းရှိ မီးဘေးဖြစ်ပေါ်ပါက ပျက်စီးဆုံးရှုံးမှုများနိုင်သော (စက်ရုံ၊ အလုပ်ရုံ)များ၊ မီးလျှင်မြန်စွာ ကူးစက်နိုင်သောနေရာများ (ဓာတ်ဆီ၊ ဒီဇယ် သိုလှောင်ထားသော လုပ်ငန်းများ)၊ လူနေအိမ်ခြေထူထပ်သောနေရာများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီထံမှ ရယူထားရန်။ |
| • မီးဘေးကျရောက်ပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လိုအပ်သော ပံ့ပိုးကူညီမှုရရှိနိုင်သည့် လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ကြိုတင်စာရင်းပြုစုထားရန်။ |
| • မီးဘေးသင့်သူများ ယာယီခိုလှုံရန်နေရာများ ဖော်ထုတ်ထားရန်။ |

| ဘေးကျရောက်စဉ် |
|---|
| • မိမိအားကူညီကယ်ဆယ်နိုင်မည့် ရဲတပ်ဖွဲ့၊ NGO အဖွဲ့အစည်းများ၊ ကြက်ခြေနီ၊ မီးသတ်စသည်တို့အား ချက်ချင်းဆက်သွယ်နိုင်ရန် ပြင်ဆင်ထားရန်။ |
| • မီးဘေးသင့်ပြည်သူများ၊ အိုးမဲ့အိမ်မဲ့ဖြစ်သွားသော ပြည်သူများ၏စာရင်းကို ရနိုင်သမျှစုစည်း၍ အထက်သို့တင်ပြပြီး ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ထားရန်။ |
| • အခြားသော လုပ်ငန်းကော်မတီများနှင့်ပူးပေါင်း၍ လိုသလို ပံ့ပိုးကူညီသွားရန်။ |
| • ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများ ရရှိနိုင်ရန် ဘဏ္ဍာငွေရှာဖွေရေးနှင့် ထောက်ပံ့ပစ္စည်းများလက်ခံရေးလုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ရေးစီစဉ်ပေးရန်နှင့် ယာယီနေထိုင်စရာနေရာများကိုလည်း စီစဉ်ဆောင်ရွက်ပေးရန်။ |
| • ခိုလှုံရာနေရာတွင် စားနပ်ရိက္ခာများ၊ သောက်သုံးရေများရရှိရေး စီစဉ်ပေးရန်။ |
| • ရေတွင်း၊ ရေကန်များ သန့်ရှင်းစေရန်အတွက် ကျန်းမာရေးဌာနများ၊ ရပ်ကွက်၊ ကျေးရွာများနှင့် ပူးပေါင်းဆောင်ရွက်ပေးရန်။ |
| • အဝတ်အထည်များနှင့် လူ့အသုံးအဆောင်ပစ္စည်းများအား ရရှိနိုင်ရန်ကိုလည်း ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ကူညီပေးရန်။ |
| • အိုးအိမ်မဲ့ဖြစ်သွားသော ဒုက္ခသည်များ၏ နယ်မြေအငြင်းပွားမှုများကို ဦးဆောင်အဖွဲ့သို့တင်ပြ လမ်းညွှန်မှုခံယူ၍ ဖြေရှင်းဆောင်ရွက်ရန်။ |

- ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများပံ့ပိုးပေးရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။
- ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ပြန်လည်ထူထောင်မှုကို ဦးစားပေးဆောင်ရွက်ခြင်း။
- သဘာဝဘေးအန္တရာယ်ကြောင့် ကယ်ဆယ်ရေးစခန်းများရှိ ကျောင်းသူ၊ ကျောင်းသားများ ပညာရေးအရှိန်အဟုန်မပျက် ဆက်လက်သင်ယူနိုင်ရေးအတွက် စာသင်ကြားနိုင်ရန် စီမံဆောင်ရွက်ခြင်း။
- ဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မြေပိုင်ရှင်များနှင့် ညှိနှိုင်းမှုရယူပြီး နိုင်ငံတော်မှချမှတ်ထားသော လမ်းညွှန်မှုနှင့်အညီ မြေယာကဏ္ဍစီမံခန့်ခွဲခြင်းအားဖြင့် ဘေးကင်းရာဒေသများဖော်ထုတ်ခြင်း။
- မီးဘေးသင့်ပြည်သူများ ဆုံးရှုံးသွားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပုံမှန်လည်ပတ် လုပ်ကိုင်နိုင်ရန် ထူထောင်ပေးခြင်း။
- ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းနှင့် အသက်မွေးဝမ်းကျောင်းပြန်လည်ထူထောင်ရေး သင်တန်းများပေးရန်။
- အခိုအကာ ပြန်လည်ထူထောင်ရေး ကဏ္ဍများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနည်းစနစ်များ ထည့်သွင်းတည်ဆောက်နိုင်ရန် ကြီးကြပ်ကွပ်ကဲရန်။
- အိမ်များပြန်လည်တည်ဆောက်ရာတွင် မီးဘေးလုံခြုံစိတ်ချရသော နည်းလမ်းများ ထည့်သွင်းတည်ဆောက်ရန်။
- ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကဏ္ဍအလိုက် အရည်အသွေးထိန်းသိမ်းမှု (Quality Control) ခြင်းကို အလေးပေးဆောင်ရွက်ရန်။

## ၈။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

**ဘေးမကျရောက်မီ**

- လိုအပ်သော ဆေးဝါးပစ္စည်းများစုဆောင်းထားရန်နှင့် အချိန်မီရရှိစေရန် စီစဉ်ဆောင်ရွက်ထားခြင်း။
- သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကြိုတင်၍အဖွဲ့များဖွဲ့စည်းရန်နှင့် ကျန်းမာရေးအသိပညာပေးရန်။
- ကြိုတင်၍ သတင်းရရှိပါက မြို့နယ်ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျေးလက်ကျန်းမာရေး ဌာန၊ ဌာနခွဲများသို့ ဆေးဝါးပစ္စည်းများနှင့် အထောက်အကူပစ္စည်းများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိနိုင်ရန် သတင်းပေးရန်။
- ဘေးအန္တရာယ်ဆိုင်ရာ သတိပေးချက်ရရှိပါက သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများ၊ နာမကျန်းသူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းထားနိုင်ရေး အသိပေးရန်။
- သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးပညာပေးရန်။
- အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ ရှေးဦးပြုစုခြင်းလုပ်ငန်းများ လေ့ကျင့်သင်ကြားပေးရန်။
- အရေးပေါ်သုံးလိုအပ်သော ဆေးဝါး၊ ဆေးပစ္စည်းကိရိယာများ၊ အထောက်အပံ့ပစ္စည်းများအား စာရင်းပြုစု၍ အချိန်မီရရှိစေရန် စီစဉ်ဆောင်ရွက်ထားရန်။

- အရေးပေါ်သုံးစွဲနိုင်ရန် ခိုင်ခံ့သောသောက်ရေကန်၊ မိုးရေလှောင်ကန်များကို တည်ဆောက်ထားရှိရန်။
- ထိခိုက်လွယ်သောအုပ်စုများ (ကလေးသူငယ်များ၊ သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်၊ မသန်စွမ်းသူများ)ကို စာရင်းပြုစု၍ ဦးစားပေး အရေးပေါ်ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးနိုင်ရေး ကြိုတင်စီမံထားရန်။
- ကျန်းမာရေးဌာနရှိ အရေးကြီးမှတ်တမ်းစာရင်းများ ဆုံးရှုံးမှုမရှိစေရန် ကြိုတင်ဆောင်ရွက်ထားရန်။
- ယာယီကျန်းမာရေးစောင့်ရှောက်မှု ဆေးပေးခန်းများအတွက် လိုအပ်သော ကျန်းမာရေးဝန်ထမ်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများရရှိရန် ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရန်။
- ကျေးရွာနှင့်ကျေးရွာအုပ်စုကျန်းမာရေး ကော်မတီများ၏ စွမ်းဆောင်ရည်များမြှင့်တင်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရေး ကြိုတင်စီစဉ်ထားရန်။
- အခြားလုပ်ငန်းကော်မတီများနှင့်ပူးပေါင်း၍ အရေးပေါ်လူနာများအား ညွှန်းပို့နိုင်ရေး ကြိုတင်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရန်။
- မီးဘေးသင့် ထိခိုက်ဒဏ်ရာရလူနာများကို ရှေးဦးသူနာပြုစုနိုင်ရေး သင်တန်းပေးရန်။

| ဘေးကျရောက်စဉ် |
|---|
| • အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် လူနာများကို ချက်ချင်းကြည့်ရှုရန်၊ လိုအပ်ပါက အရေးပေါ်လူနာများအား အထက်အဆင့်သို့ လွှဲပြောင်းပေးရန်။ |
| • ဆေးဝါးပစ္စည်းများကို ဘေးလွတ်ရာသို့ ကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ပြောင်းရွှေ့ထားရန်။ |
| • ကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်။ |
| • ဦးစားပေးလူနာအဆင့် ခွဲခြားသတ်မှတ်ပြီး ပြုစုစောင့်ရှောက်ပေးရန်။ |
| • ရရှိလာသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို လက်ခံရရှိပြီး အရေးပေါ်ဆေးကုသမှုပေးနိုင်ရန် ဆေးဝါးဆေးပစ္စည်း ကိရိယာများကို အသင့်ထားရှိရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • ယာယီဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်။ |
| • အရေးပေါ်လူနာများအား လိုအပ်သလို ဆေးဝါးကုသမှုပေးရန်။ |
| • လိုအပ်ပါက အထက်အဆင့်သို့ လွှဲပြောင်းပေးရန်။ |
| • သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မသန်စွမ်းသူများအား ဦးစားပေးအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်။ |
| • ရေတွင်းရေကန်များအား ကျန်းမာရေးနှင့်ညီညွတ်သော ရေရရှိရေးအတွက် ဆေးခပ်ပေးရန်။ |
| • ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်စားသောက်ရန်အတွက် အသိပညာပေးဟောပြောရန်။ |
| • NGO/INGO အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်။ |
| • နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ကျန်းမာရေးပြဿနာများကို ကြိုတင်ကာကွယ်ခြင်းနှင့် ကုသပေးခြင်းများ လုပ်ဆောင်ရန်။ |
| • တစ်ကိုယ်ရေ ကျန်းမာရေးပညာပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုပေးရန်။ |
| • ဒဏ်ရာရ၊ သေဆုံးသူများ စာရင်းကို စီမံခန့်ခွဲမှုကော်မတီသို့တင်ပြရန်။ |

| |
|---|
| • လိုအပ်သောဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများကို စာရင်းပြုစု၍ အထက်သို့တင်ပြတောင်းခံရန်။ |
| • ကယ်ဆယ်ရေးစခန်းတွင် ရေကောင်း၊ ရေသန့်များရရှိရေးနှင့် ယင်လုံအိမ်သာ စနစ်တကျ ဆောက်လုပ်သုံးစွဲနိုင်ရေး အတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ |
| • ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လည်ပတ်နိုင်ရေးဆောင်ရွက်ရန်။ |
| • အများပြည်သူများ၏ စိတ်ဓာတ်မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်။ |

## ၉။ လုံခြုံရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

| ဘေးမကျရောက်မီ |
|---|
| • သတင်းအချက်အလက်များအား ကြိုတင်သတိပေးနှိုးဆော်ရန်။ |
| • ကြိုတင်စုဆောင်းထားသော ရိက္ခာနှင့် ရေစသည့်ပစ္စည်းများကို မသမာသူတို့ ပျက်စီးခြင်း၊ ခိုးယူခြင်းတို့မှ ကာကွယ်ရန်။ |
| • အခြားကော်မတီဝင်များ လုပ်ငန်းဆောင်ရွက်ရာတွင် လုံခြုံရေးလိုက်ကူညီဆောင်ရွက်ပေးရန်။ |
| • ကျေးရွာအုပ်စုများတွင် အပေါ့စားမီးသတ်စက်၊ မီးသတ်ပိုက်များ၊ စီစဉ်ထားရှိရန်။ |
| • မီးသုံးစွဲချိန်ကန့်သတ်ရန်နှင့် မီးသုံးစွဲမှု စနစ်တကျ ရှိ၊ မရှိ စစ်ဆေးရန်။ |
| • ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများတွင် မီးသတ်ပစ္စည်းများနှင့် မီးကို စနစ်တကျသုံးစွဲရန် အသိပညာပေးရန်။ |
| • မီးဘေးကျရောက်ပါက အသုံးပြုနိုင်မည့်ပစ္စည်းများ (မီးချိတ်၊ မီးကပ်၊ ရေပုံး အစရှိသည့်တို့ကို အဆင်သင့်ပြင်ဆင်ထားခြင်း ရှိ၊ မရှိနှင့် လုပ်ငန်းများတွင် မီးသတ်ဆေးဘူးများ ထားရှိခြင်း ရှိ၊ မရှိကို ရှောင်တခင် စစ်ဆေးရန်။ |
| • အရေးပေါ်ရေယာဉ်များ ထားရှိရန်။ |

| ဘေးကျရောက်စဉ် |
|---|
| • ဘေးအန္တရာယ်ကျနေသည့်နေရာများတွင် ပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံရေးဆောင်ရွက်ပေးရန်။ |
| • ဘေးအန္တရာယ်သင့် ပြည်သူများ၏ ပစ္စည်းဥစ္စာ၊ အိုးအိမ်အဆောက်အဦများအား မသမာသူများ ပျက်စီး၊ လုယက်မှုမှ ကာကွယ်ရန်။ |
| • ဘေးအန္တရာယ်သင့် ပြည်သူများအား ဘေးကင်းရာနေရာများသို့ရောက်ရှိရေး ကူညီဆောင်ရွက်ရန်။ |
| • အသင့်စုဖွဲ့ထားသည့် လုံခြုံရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များမှ အချိန်တိုအတွင်းစုစည်းနိုင်ရေးနှင့် ဘေးအန္တရာယ်ကျရောက်သည့် အရပ်သို့ရောက်ရှိပြီး လုံခြုံရေးဆောင်ရွက်ရန်။ |
| • ဘေးသင့်ပြည်သူလူထုအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းတွင် လုံခြုံမှုပေးရန်။ |

| ဘေးကျရောက်ပြီး |
|---|
| • ယာယီပြောင်းရွှေ့နေထိုင်ရသော ပြည်သူများ၏ ပစ္စည်းဥစ္စာများ လုံခြုံရေးဆောင်ရွက်ပေးရန်။ |
| • ဘေးအန္တရာယ်ကျရောက်ခဲ့သော နေရာအား လုံခြုံရေးဆောင်ရွက်ပေးရန်။ |
| • ဘေးအန္တရာယ်ကျရောက်ခဲ့သော နေရာများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ပေးရန်။ |

- ဘေးအန္တရာယ်ကျရောက်သော နေရာများသို့ ထောက်ပံ့ပစ္စည်းများပို့ဆောင်ရာတွင် လုံခြုံရေးပေးရန်။
- မီးသတ်ယာဉ်များ၊ ကယ်ဆယ်ရေးယာဉ်များ အဆင်ပြေစွာ ဝင်ထွက်သွားလာနိုင်ရေးအတွက် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- မီးလောင်ပြင်ကို အင်အားတိုးမြှင့်ချထားပြီး လုံခြုံရေးဆောင်ရွက်ရန်။
- မီးလောင်ပြင်ကိုရှင်းလင်းရာတွင် မီးဘေးသင့်ပြည်သူများ၊ မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ လမ်းညွှန်မှုကို ခံယူ၍လုံခြုံရေးလုပ်ငန်းကော်မတီမှ ဆောင်ရွက်ရန်။
- လုံခြုံရေးစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများနှင့်အညီ ဘေးကင်းမှုရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ရန်။
- ဘေးကျရောက်ပြီး မီးကြွင်း၊ မီးကျန်များမှ မီးဘေးထပ်မံဖြစ်ပွားမှုမရှိစေရန် လုံခြုံရေးလုပ်ငန်းကော်မတီမှ ကြီးကြပ်ကွပ်ကဲရန်။

# အခန်း [၆]

# ဘေးအန္တရာယ်ဒဏ်နည်းပါးသက်သာစေရေး ကြိုတင်ပြင်ဆင်ရေး၊ ကယ်ဆယ်ရေး၊ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးနှင့် ပြန်လည်ထူထောင်ရေးအစီအမံများ

မိတ္ထီလာမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသည် လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း တာဝန်၊ ဝတ္တရားများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရုံသာမက လုပ်ငန်းကော်မတီအသီးသီး၏ အသေးစိတ်လုပ်ငန်းအစီအမံများ ရေးဆွဲတင်ပြစေရန် ကြီးကြပ်လမ်းညွှန်ရမည် ဖြစ်ပါသည်။ ၎င်းအစီအမံများဆောင်ရွက်ရာတွင် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများသာမက အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများပါ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

## ၆-၁။ ဘေးအန္တရာယ်နည်းပါးသက်သာစေရေးအစီအမံများ (Mitigation Plan)

သဘာဝဘေးအန္တရာယ်များကို ရှောင်လွှဲ၍မရနိုင်ပါ။ သို့သော် အချို့သောအစီအမံများကို ကြိုတင်ဆောင်ရွက်ထားခြင်းဖြင့် သဘာဝဘေးကြောင့် ဖြစ်ပေါ်လာမည့် ပျက်စီးဆုံးရှုံးမှုများကို နည်းပါးစေပါသည်။ မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အောက်ဖော်ပြပါ သဘာဝဘေးကြောင့် ပျက်ဆီးဆုံးရှုံးမှုနည်းပါးစေရေး အစီအမံများကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ကြီးကြပ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

| လုပ်ငန်း | ကြီးကြပ်ရမည့်အဖွဲ့ | ဆောင်ရွက်ရမည့်အဖွဲ့အစည်း |
|---|---|---|
| (က) ကျေးရွာများတွင် လေကာပင်များစိုက်ပျိုးခြင်း။ | မြို့နယ် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ | - သစ်တောဦးစီးဌာန |
| (ခ) လျှပ်စစ်အန္တရာယ် အလွယ်တကူ မဖြစ်အောင် အရည်အသွေးကောင်းသော ကြိုးများလဲလှယ် တပ်ဆင်ရန်။ | ။ | - မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း |
| (ဂ) ဆောက်လုပ်ပြီး အဆောက်အဦများအား သဘာဝ ဘေးအမျိုးမျိုး ဒဏ်ခံနိုင်သည့်အဆောက်အဦ များဖြစ်လာစေရန်နည်းပညာသုံး ပြင်ဆင်မွမ်းမံ စေရန်တွန်းအားပေးခြင်း။ | ။ | - စည်ပင်သာယာရေးကော်မတီ<br>- အစိုးရစီမံခန့်ခွဲမှုအဖွဲ့<br>- အစိုးရမဟုတ်သော အဖွဲ့အစည်းများ |
| (ဃ) သဘာဝဘေးအန္တရာယ် ဒဏ်ခံနိုင်သော အဆောက်အအုံများ တည်ဆောက်ရာတွင် ဆောက်လုပ်ရေး အလုပ်သမားများအား သင် တန်းပေးနိုင်ရန်စီမံဆောင်ရွက်ပေးခြင်း | ။ | - ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန<br>- အစိုးရစီမံခန့်ခွဲမှုအဖွဲ့<br>- စည်ပင်သာယာရေးကော်မတီ<br>- ဒေသခံပြည်သူများ |
| (င) သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ကြို တင်ပြင်ဆင်ရေး၊ တုံ့ပြန်ရေးတို့နှင့် ပတ်သက် ၍ ပြည်သူလူထုအားပညာပေးဆောင်ရွက်ခြင်း။ | ။ | - ဆောက်လုပ်ရေးလုပ်ငန်းရှင်များ<br>- မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန<br>- ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာန |

## ၆-၂။ ကြိုတင်ပြင်ဆင်ရေးအစီအမံများ (Preparedness Plan)

ကြိုတင်ပြင်ဆင်ရေး အစီအမံများဆိုသည်မှာ ဘေးအန္တရာယ်ကျရောက်ချိန်နှင့် ကျရောက်ပြီးနောက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အခက်အခဲမရှိ လုပ်ဆောင်နိုင်ရန်အတွက် သီးခြားလေ့ကျင့်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါသည်။ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အောက်ဖော်ပြပါ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီအသီးသီးက ပီပြင်စွာဆောင်ရွက်နိုင်ရန် ကြီးကြပ်လမ်းညွှန်ပေးရမည် ဖြစ်ပါသည်။

| လုပ်ငန်း | ကြီးကြပ်ရမည့်အဖွဲ့ | ဆောင်ရွက်ရမည့်အဖွဲ့အစည်း |
|---|---|---|
| (က) လုပ်ငန်းကော်မတီအလိုက် အသေးစိတ်လုပ် ငန်းစီမံချက် ရေးဆွဲတင်ပြခြင်း။ | မြို့နယ် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ | - မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန<br>- မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း |

| | | |
|---|---|---|
| (ခ) မိုးကြိုကာလ ပြီး၊ မေလများနှင့် မိုးနှောင်းကာလ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် လုပ်ငန်းကော်မတီအသီးသီးအား တပ်လှန့်နှိုးဆော်ထားရှိခြင်း။ | မြို့နယ် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု ကော်မတီ | – ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>– မြို့နယ်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများအားလုံး<br>– ကျေးရွာအုပ်ချုပ်ရေးမှူးများ |
| (ဂ) မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ လုပ်ငန်းကော်မတီများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အရေးပေါ်ဆက်သွယ်ရမည့်စနစ် ထားရှိဆောင်ရွက်ခြင်း။ | ။ | – သတင်းဆက်သွယ်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ<br>– မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| (ဃ) ကျေးရွာအုပ်စုအလိုက် ဘေးအန္တရာယ်ကင်းသောနေရာများ ကြိုတင်သတ်မှတ်ထားခြင်း။ | ။ | – ပြည်သူလူထု<br>– ဌာနဆိုင်ရာများအားလုံး ကျေးရွာ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ |
